ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရွေးကောက်ပွဲတာဝန်ရှိသူများ စစ်ဆေးရန်အချက်အလက်များ

## မြို့နယ်/ရပ်ကွက်နှင့်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

## ရွေးကောက်ပွဲတာဝန်ရှိသူများစစ်ဆေးရန် အချက်အလက်များ

## မာတိကာ


**၁။ ဤစာအုပ်အကြောင်း ............ ၁**

**၂။ ရွေးကောက်ပွဲကာလ ............ ၁**

**၃။ အထိအခိုက်မခံနိုင်သော မဲရုံပစ္စည်းများနှင့် အထိခိုက်ခံနိုင်သော မဲရုံပစ္စည်းများ ............ ၂**

၃.၁။ မဲပေးခြင်းနှင့်မဲရေတွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သောပစ္စည်းများ ............ ၂

၃.၁.၁။ မဲပေးခြင်းနှင့်မဲရေတွက်ရာတွင် လိုအပ်သော စာရွက်စာတမ်းနှင့် ပစ္စည်းများ စာရင်း ............ ၃

၃.၁.၂။ မဲပေးခြင်းနှင့် မဲရေတွက်ရာတွင်လိုအပ်မည့် ပုံစံများစာရင်း ............ ၇

၃.၂။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ ပစ္စည်းများစီမံခန့်ခွဲခြင်း ............ ၁၇

၃.၃။ အထိခိုက်ခံနိုင်သော မဲရုံပစ္စည်းများကို လွှဲပြောင်းပေးအပ်ခြင်း ............ ၂၀

**၄။ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ စစ်ဆေးရန် စာရင်း ............ ၂၁**

၄. ၁။ နိုင်ငံပြင်ပမှ ကြိုတင်မဲပေးခြင်း။ ............ ၂၁

၄.၁.၁။ နိုင်ငံပြင်ပရောက် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များ တိုက်ဆိုင်စစ်ဆေးရန် စာရင်း ............ ၂၂

၄.၂။ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်း ............ ၂၉

၄.၂.၁။ မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်း တိုက်ဆိုင်စစ်ဆေးရန်စာရင်း ............ ၃၂

၄.၃။ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း ............ ၃၉

၄.၃.၁။ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း တိုက်ဆိုင်စစ်ဆေးရန်စာရင်း ............ ၄၀

**၅။ မြို့နယ်ရွေးကောက်ပွဲအဖွဲ့ခွဲ၌ မဲရေတွက်ခြင်းနှင့် ရလဒ်များကို ပြုစုခြင်း ............ ၄၆**

၅.၁။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းကို အပြီးသတ်ခြင်း ............ ၄၆

၅.၂။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းတို့ကို ရေတွက်ခြင်း ............ ၄၇

၅.၂.၁။ တိုက်ဆိုင်စစ်ဆေးရန်စာရင်း – ပြည်သူ့၊ အမျိုးသား နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း .................................... ၄၇
၅.၂.၂။ တိုက်ဆိုင်စစ်ဆေးရန်စာရင်း – တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်ကြိုတင်ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း .................................... ၅၀
၅.၂.၃။ မဲဆန္ဒနယ် ပြင်ပ ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ချက်များနှင့် နမူနာပုံစံများ ........... ၅၁
၅.၃။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ အထိခိုက်မခံနိုင်သော ပစ္စည်းများနှင့် ရလဒ်ပုံစံများကို လက်ခံရရှိခြင်း.................................................................................. ၅၆
၅.၃.၁။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပုံစံ(၁၆)၊ ပုံစံ(၁၆ – က) နှင့် ပုံစံ(၁၈)၊ ပုံစံ(၁၈ – က)တို့ကို လက်ခံရရှိရာတွင် တိုက်ဆိုင်စစ်ဆေးရမည့် အချက်များ ................................................................................................................ ၅၇
၅.၃.၂။ ရွေးကောက်ပွဲနေ့ ပြီးနောက် မဲရုံမှူးမှ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည် လွှဲပြောင်းပေးအပ်ရမည့် မဲရုံပစ္စည်းများ စာရင်း ........................................................................................................................ ၅၉
၅.၄ ။ ရလဒ်များအား ပေါင်းစည်းတွက်ချက်ခြင်း – ပုံစံ (၁၉)၊ ပုံစံ (၁၉ – က) များကို ပြုစုခြင်း ........................................................................................................................ ၆၀
၅.၅ ။ ရလဒ်များအား ကြေညာခြင်း ................................................................................................ ၆၁

## ၁။ ဤစာအုပ်အကြောင်း

၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအတွက် သင်တန်းလမ်းညွှန်အဖြစ်လည်းကောင်း အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဤစာအုပ်ကို ပြုစုရေးသားပါသည်။ ဤစာအုပ်ပါ အချက်အလက်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲလုပ်ငန်း လမ်းညွှန်ချက်များနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲစာအုပ်တို့မှ ဖော်ပြချက်များအပေါ် အခြေခံကာပြုစုထားခြင်း ဖြစ်ပါသည်။

## ၂။ ရွေးကောက်ပွဲကာလ

၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင်လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ရမည့် အချိန်ကာလနှင့် နောက်ဆုံးသတ်မှတ်ရက်များကို ဤစာအုပ်ပါ အခန်းများအလိုက် ခြုံငုံသိရှိရန်အရေးကြီးပါသည်။ ထိုသို့သိရှိခြင်းအားဖြင့် ရွေးကောက်ပွဲတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေပါသည် -

- ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များ/လုပ်ငန်းဆောင်တာများကို အချိန်ကိုက် ပြီးမြောက်အောင် လုပ်ဆောင်နိုင် စေခြင်း
- မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ အားလုံးသည် ဆောင်ရွက်ရမည့် လုပ်ငန်းများပြီးစီးမှု ရှိ/မရှိကို လိုအပ်သလို လွယ်ကူစွာ တိုက်ဆိုင်စစ်ဆေးနိုင်ခြင်း
- မြို့နယ်၊ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအားလုံးသည်ဆောင်ရွက်ရမည့် လုပ်ငန်းများပြီးစီးမှု မရှိမရှိကို လိုအပ်သလို လွယ်ကူစွာ တိုက်ဆိုင်စစ်ဆေးနိုင်ခြင်းတို့ ဖြစ်သည်။

## ၃။ အထိအခိုက်မခံနိုင်သော မဲရုံပစ္စည်းများနှင့် အထိခိုက်ခံနိုင်သော မဲရုံပစ္စည်းများ

ရွေးကောက်ပွဲအတွက် အသုံးပြုသောပစ္စည်းများကို အထိခိုက်မခံနိုင်သောပစ္စည်းများနှင့် အထိခိုက် ခံနိုင်သောပစ္စည်းများဟူ၍ ခွဲခြားနိုင်သည်။

- **အထိခိုက်မခံနိုင်သော ပစ္စည်းများမှာ** ရွေးကောက်ပွဲတစ်ခုဖြစ်မြောက်ရန် မရှိမဖြစ် လိုအပ်သောပစ္စည်းများဖြစ်ပြီး ယင်းတို့ကိုလုံခြုံစွာထားရှိရမည်ဖြစ်ကာ ပစ္စည်းများ၏ လုံခြုံမှုကို ရွေးကောက်ပွဲအရာရှိမှ အချိန်တိုင်းတာဝန်ခံထားရမည့် ပစ္စည်းများဖြစ် သည်။ (ဥပမာ - မဲလက်မှတ်များ)
- **အထိခိုက်ခံနိုင်သော ပစ္စည်းများမှာ** ရွေးကောက်ပွဲအတွက် အသုံးပြုရန်လိုအပ်သော် လည်း လုံခြုံစွာထားရမည့် ပစ္စည်းများမဟုတ်ပါ။ (ဥပမာ - ခြင်းတောင်းများ၊ ဘောပင် များ)

မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ ခွဲများနှင့် မဲရုံဝန်ထမ်း များသည် မတူညီသော ပစ္စည်းများကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

### ၃.၁။ မဲပေးခြင်းနှင့်မဲရေတွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သောပစ္စည်းများ

အောက်ဖော်ပြပါဇယားတွင်

- ဖော်ပြထားသောပစ္စည်းများနှင့် နည်းဥပဒေပါပုံစံများသည် –
  - မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒနယ်ပြင်ပနှင့် ပြည်ပရောက် ကြိုတင်မဲပေးခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း
  - ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများမှ မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်း ကိစ္စရပ် များ စီစဉ်ဆောင်ရွက်ရန်အတွက်လည်းကောင်း
  - မဲရုံအဖွဲ့များမှ မဲရုံတွင်ပေးသောမဲနှင့် ကြိုတင်ဆန္ဒမဲများကို စီမံခန့်ခွဲရာတွင် လည်းကောင်း
- အထိခိုက်ခံနိုင်သော ပစ္စည်းများနှင့် အထိခိုက်မခံနိုင်သော ပစ္စည်းများအနေဖြင့် လိုအပ်မည် ဖြစ်ပါသည်။



ပစ္စည်းများအားလုံးနှင့် နည်းဥပဒေပါ ပုံစံများသည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲမှ တစ်ဆင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ ခွဲများထံသို့ ပေးပို့ပြီး ရပ်/ကျေး ကော်မရှင်အဖွဲ့ ခွဲများမှ တစ်ဆင့် မဲရုံအဖွဲ့ဝင်များသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။

## ၃.၁.၁။ မဲပေးခြင်းနှင့်မဲရေတွက်ရာတွင် လိုအပ်သော စာရွက်စာတမ်းနှင့်ပစ္စည်းများစာရင်း

အောက်ဖော်ပြပါဇယားသည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲထံသို့၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ မဲရုံအဖွဲ့ဝင်များထံသို့ လွှဲပြောင်း ပေးအပ်ရန် လိုအပ်သောပစ္စည်းများ ကို စုစည်းပြုစုထားခြင်းဖြစ်ပါသည်။



| စဉ် | အမည် | သရုပ်ပြပုံ | အထိခိုက်မခံနိုင်သော ပစ္စည်း (အမှန်ခြစ်ခြစ်ရန်) | မြို့နယ် | ရပ်/ကျေး | မဲရုံ |
|---|---|---|---|---|---|---|
| ၁။ | ဆန္ဒမဲလက်မှတ်စာအုပ်များ (မဲလက်မှတ်နှင့်လက်ခံဖြတ်ပိုင်းများ) |  | ✔ | ✔ | ✔ | ✔ |
| ၂။ | နံပါတ်စဉ်လိုက်ပါဝင်သော တစ်ခါသုံးပလတ်စတစ်ကြိုး (မဲပုံးတစ်ပုံးလျှင် လေးကြိုး) |  | ✔ | ✔ | ✔ | ✔ |
| ၃။ | ဆန္ဒပြုသည့်တံဆိပ်တုံးများ (ဆန္ဒမဲပေးရန်) |  | ✔ | | ✔ | ✔ |
| ၄။ | မဲပုံးများ (မဲရုံနှင့် ကြိုတင်မဲ) |  | ✔ | ✔ | ✔ (ကြိုတင်မဲ) | ✔ |



| | | | | | | |
|---|---|---|---|---|---|---|
| ၅။ | **မင်အိုး** (နောက်တစ်ကြိမ်ဆန္ဒမဲမပေးနိုင်ရေး အတွက် မင်တို့၍ အမှတ်အသား ပြုလုပ်ရန် |  | ✔ | | | ✔ |
| ၆။ | **ကြိုတင်ဆန္ဒမဲပေးရန်စာအိတ်များ** (ဆန္ဒမဲပေးထားသောစာအိတ်များထည့်ရန်) |  | ✔ | ✔ | ✔ | |
| ၇။ | **မင်ခံခွက်** (လက်ဗွေနှိပ်ရာတွင် အသုံးပြုရန်) |  | | ✔ | ✔ | ✔ |
| ၈။ | **ဝါးတန်း သို့မဟုတ် ကြိုးတန်း** (နေရာအကွာအဝေး သတ်မှတ်တန်းစီရန်) |  | | | ✔ | ✔ |
| ၉။ | **ချိပ်တံဆိပ်နှင့် ချိပ်တောင့်** (လုံခြုံရေးအိတ်များကို ချိပ်ပိတ်ရာတွင် အသုံးပြုရန် |  | | ✔ | ✔ | ✔ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀။ | မဲရုံအမှတ် ရေးသား ထားသည့် ဆိုင်းဘုတ် |  | | | | ✔ |
| ၁၁။ | ဘောပင်များ (အနက်နှင့် အပြာ) |  | | ✔ | ✔ | ✔ |
| ၁၂။ | ဖယောင်းတိုင်၊ မီးခြစ် |  | | ✔ | ✔ | ✔ |
| ၁၃။ | ဆာလာ အိတ်များ |  | | ✔ | | ✔ |
| ၁၄။ | လည်ပင်းတွင် ချိတ်ဆွဲထားရန် **ID Cards** ကြိုးများ (မဲရုံအဖွဲ့ဝင်များ အနေဖြင့် သိသာစေရန်) |  | | | ✔ | ✔ |
| ၁၅။ | ပေတံ (ဆန္ဒမဲ လက်မှတ် ဖြတ်ပေးရန်) |  | | ✔ | ✔ | ✔ |
| ၁၆။ | ခြင်းတောင်းများ |  | | ✔ | | ✔ |
| ၁၇။ | လျှို့ဝှက်ဆန္ဒပြု ခန်းများ |  | | | ✔ | ✔ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၈။ | တာလီမှတ်ရန် စာရွက်ပုံစံ |  | | ✔ | | ✔ |
| ၁၉။ | LED မီးအိမ် (မီးအား အပြည့် ကြိုတင် အားသွင်း ထားရန်) |  | | | | ✔ |
| ၂၀။ | ပေကြိုး |  | | | ✔ | ✔ |
| ၂၁။ | ချုပ်စက်နှင့် သားရေကွင်းများ |  | | ✔ | | ✔ |
| ၂၂။ | ခဲတံချွန်စားနှင့် ကတ်ကြေး |  | | ✔ | | ✔ |
| ၂၃။ | စာရွက် အလွတ်နှင့် ခဲတံ (မသန်စွမ်း မဲဆန္ဒရှင်များကို အကူအညီ ပေးရန်) |  | | ✔ | ✔ | ✔ |
| ၂၄။ | Covid-19 ကူးစက် ရောဂါ အန္တရာယ်မှ ကာကွယ်ရန် အသုံးပြုသော ပစ္စည်းများ စာရင်း | တစ်ကိုယ်ရည် ကာကွယ်ရန် ဝတ်ဆင် အသုံးပြုရမည့် ပစ္စည်းများ | | | ✔ | ✔ |

## ၃.၁.၂။ မဲပေးခြင်းနှင့် မဲရေတွက်ရာတွင်လိုအပ်မည့် ပုံစံများစာရင်း



| စဉ် | ပုံစံများစာရင်း | | အထိခိုက်မခံနိုင်သော ပစ္စည်း (အမှန်ခြစ်ခြစ်ရန်) | မြို့နယ် | ရပ်/ကျေး | မဲရုံ | သံရုံး |
|---|---|---|---|---|---|---|---|
| ၁။ | ပုံစံ (၁)<br>ဆန္ဒမဲစာရင်း<br>- လွှတ်တော်သုံးရပ်ရွေးကောက်ပွဲများ |  | ✔ | ✔ | ✔ | ✔ | |
| ၂။ | ပုံစံ (၁-က)<br>ဆန္ဒမဲစာရင်း<br>- တိုင်းရင်းသားမဲဆန္ဒရှင် စာရင်း |  | ✔ | ✔ | ✔ | ✔ | |
| ၃။ | ပုံစံ (၁-ခ)<br>(မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း) |  | ✔ | ✔ | ✔ | | |
| ၄။ | ပုံစံ (၁-၂)<br>(မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များစာရင်း) |  | ✔ | ✔ | ✔ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပုံစံ (၁-၃) (မဲဆန္ဒနယ်ပြင်ပ ရောက် နိုင်ငံပြင်ပရှိ အစိုးရ၏ခွင့်ပြု ချက်ဖြင့် ရောက်ရှိ နေသော ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများစာရင်း) |  | ✔ | ✔ | ✔ | | |
| ၆။ | **ပုံစံ (၈)** မဲရုံကိုယ်စားလှယ်/ အကူကိုယ်စား လှယ်ခန့်စာ |  | | | ✔ | မှတ်စု[၁] | |
| ၇။ | **ပုံစံ (၈-က)** မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ် အဖြစ်မှ ရုပ်သိမ်းလွှာ |  | | | ✔ | | |
| ၈။ | **ပုံစံ (၁၁)** ဆန္ဒမဲပေးခြင်းမစမီ ဆန္ဒမဲလက်မှတ်များ ရေတွက်စစ်ဆေးခြင်း မှတ်တမ်း |  | ✔ | | | ✔ | |

[၁] ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲသည် ပုံစံ (၈) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း နှင့် ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်းသေချာစေရမည်။ ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် လက်မှတ်ရေးထိုးပြီးသားဖြစ်သောကိုယ်စားလှယ်ခန့်စာကို မဲရုံမှူးသို့တင်ပြနိုင်ရမည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉။ | **ပုံစံ (၁၁-က)**<br>မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲမှ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင် အဖွဲ့ခွဲ များ သို့ ဆန္ဒမဲ လက်မှတ် ထုတ်ပေး သည့် စာရင်း။ |  | ✔ | ✔ | ✔ | | |
| ၁၀။ | **ပုံစံ (၁၁-ခ)**<br>ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ မဲရုံမှူးသို့ ဆန္ဒမဲ လက်မှတ်ထုတ်ပေး သည့်စာရင်း။ |  | ✔ | | ✔ | ✔ | |
| ၁၁။ | **နောက်ဆက်တွဲ ပုံစံ (ခ)**<br>မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်များ သို့ ထုတ်ပေးသည့် အခါ အသုံးပြုရန်ပုံစံ။ |  | ✔ | | ✔ | ✔ | |
| ၁၂။ | **ပုံစံ (၁၂)**<br>မဲစာရင်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက် အကျဉ်းချုပ်။ |  | ✔ | | မှတ်စု[၂] | ✔ | |

[၂] ပုံစံ (၁၂) သည် မဲစာရင်းပေါ်တွင် မဲပေးသည့်နေ့၌မဲရုံတွင် မဲစာရင်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက် အကျဉ်းချုပ်ကို မှတ်တမ်းတင်ရာတွင် အသုံးပြုပါသည်။ ပြင်ဆင်ခြင်းဟုဆိုရာတွင် အမည်စာလုံးပေါင်းမှားခြင်း၊ လိပ်စာ မှားခြင်း၊ နှင့် မဲစာရင်းတွင်မပါဝင်သင့်သူတို့၏ အမည်များပါခြင်းတို့ဖြစ်ပါသည်။
နည်းဥပဒေ ၅၀(ဂ) အရ သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံ၍ပြောဆိုနိုင်သူ ရှိလျှင်မှားယွင်းချက်ကိုပြင်ဆင် ရေးမှတ်၍ ဆန္ဒမဲပေးခွင့်ပြုရမည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃။ | **ပုံစံ (၁၃)** မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေး သူများစာရင်း |  | ✔ | | ✔ | ✔ [၃] | |
| ၁၄။ | **ပုံစံ (၁၄)** လွှတ်တော် (၃) ရပ်အလိုက် ကန့်ကွက်မဲစာရင်း |  | ✔ | | မှတ်စု[၄] | ✔ | |
| ၁၅။ | ပုံစံ (၁၅) သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပ ရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ များနှင့် ပတ်သက်၍ ဖြည့်သွင်းရန် ပုံစံ |  | ✔ | ✔ | ✔ | | |
| ၁၆။ | **ပုံစံ (၁၆)** လွှတ်တော်တစ်ခုချင်း အလိုက် ကိုယ်စား လှယ်လောင်း တစ်ဦးစီရရှိသော ဆန္ဒမဲ စာရင်း။ |  | ✔ | မှတ်စု[၅] | | ✔ | |

[၃] မဲရုံဖွင့်ချိန်မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေ ၅၁ (ဆ) အရ ကြိုတင်မဲပေးပြီးသူများ စာရင်း ပုံစံ(၁၃)လေးစောင်ကို မဲရုံမှူးထံ လာရောက်အပ်နှံသောအခါ ပုံစံ (၁၃) များတွင် လက်မှတ်ရေးထိုး၍ ရယူရမည်။ ထို့နောက် ပုံစံ (၁၃) တစ်စောင်ကို မဲရုံတွင် ကပ်ထားကြေညာပြီး နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည် ပေးအပ်ရမည်။ ကျန်ပုံစံ (၁၃) တစ်စောင်ကို မိမိလက်ဝယ် သိမ်းဆည်းထားပြီးမဲရုံမှူးသည် ပုံစံ (၁၃) အားလုံးကို လက်မှတ်ထိုးထားရမည်။

[၄] ဆန္ဒမဲလက်မှတ်တောင်းဆိုသူသည် မိမိသာလျှင် မဲဆန္ဒရှင် အမှန်ဖြစ်ကြောင်းနှင့် သူတစ်ပါးအယောင်ဆောင်၍ မဲထည့်ခြင်း ဖြစ်ပါက ပြစ်ဒဏ်ကျခံရမည်ဟု မဲရုံမှူး၏ ရှင်းလင်းပြောကြားချက်ကို နားလည်သဘောပေါက်ကြောင်း ဝန်ခံရာတွင် အသုံးပြုရန်။

[၅] မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လွှတ်တော်တစ်ခုချင်း အလိုက် ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသောဆန္ဒမဲစာရင်းများ ဖြစ်သည့် ပုံစံ (၁၆)များကိုမဲရုံမှူးထံမှရရှိသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ပုံစံ (၁၆) ကို ပေါင်းစည်း တွက်ချက်ခြင်းမပြုပါ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၇။ | ပုံစံ (၁၆-က) လွှတ်တော်တစ်ခုချင်း အလိုက် တိုင်းရင်း သားလူမျိုး ကိုယ်စား လှယ် လောင်းတစ်ဦး စီ ရရှိသောဆန္ဒမဲ စာရင်း |  | ✔ | မှတ်စု[၆] | | ✔ | |
| ၁၈။ | ပုံစံ (၁၆-ခ) အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များ စာရင်း။ |  | ✔ | မှတ်စု[၇] | မှတ်စု[၈] | ✔ | |
| ၁၉။ | ပုံစံ (၁၇) လွှတ်တော်အလိုက် ဆန္ဒမဲ လက်မှတ် နှင့်ကြိုတင်ဆန္ဒမဲ လက်မှတ်ပယ်မဲ စာရင်း။ |  | ✔ | | | ✔ | |
| ၂၀။ | ပုံစံ (၁၇-က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ပယ်မဲစာရင်း။ |  | ✔ | | | ✔ | |

[၆] မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသောဆန္ဒမဲ စာရင်းများ ဖြစ်သည့် ပုံစံ (၁၆-က )များကိုမဲရုံမှူးထံမှရရှိသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ပုံစံ (၁၆-က) ကို ပေါင်းစည်း တွက်ချက်ခြင်း မပြုပါ။




[၇] ပုံစံ (၁၆-ခ)သည် မဲရုံမှူးမှ ပြုစုထားသော အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များ စာရင်းဖြစ်သည်။ နောက်ဆက်တွဲ (ဂ) ပြုစုပြီးချိန်တွင် မဲရုံမှူးမှ ပြုစုရန် ဖြစ်သည်။မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည်လည်း အသုံးမပြုဘဲ ကျန်ရှိနေသော မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲလက်မှတ်များ မှတ်တမ်းတင်ရန်အသုံးပြုသည်။

[၈] ပုံစံ (၁၆-ခ)ကို ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှလည်း အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များ စာရင်းကို ပြုစုရန် သုံးသည်။ မဲရုံအမှတ် စာသားကို ခြစ်၍ ရပ်ကွက်/ကျေးရွာအုပ်စု အမည်ရေးရမည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၁။ | ပုံစံ (၁၇-က) လွှတ်တော် တစ်ရပ်ချင်း အလိုက် ပယ်မဲစာရင်း (မြို့နယ်) |  | ✔ | ✔ | | | |
| ၂၂။ | ပုံစံ (၁၇-ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် မဲဆန္ဒနယ် ပယ်မဲစာရင်း။ |  | ✔ | ✔ | | | |
| ၂၃။ | ပုံစံ (၁၇-ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် တိုင်းရင်းသား လူမျိုး မဲဆန္ဒနယ် ပယ်မဲစာရင်း။ |  | ✔ | ✔ | | | |
| ၂၄။ | ပုံစံ (၁၈) မဲဆန္ဒနယ်ပြင်ပ ရောက် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကိုယ်စားလှယ် လောင်း များရရှိ သောဆန္ဒမဲစာရင်း။ |  | ✔ | ✔ | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၅။ | ပုံစံ (၁၈-က) မဲဆန္ဒနယ်ပြင်ပ ရောက် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် တိုင်းရင်းသား လူမျိုး လွှတ်တော် ကိုယ်စားလှယ် လောင်းများရရှိ သောဆန္ဒမဲစာရင်း |  | ✔ | ✔ | | | | |
| ၂၆။ | ပုံစံ (၁၈-ခ) မဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များထံမှ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ စာအိတ်စာရင်း |  | ✔ | ✔ | | | | |
| ၂၇။ | ပုံစံ (၁၉) လွှတ်တော် တစ်ရပ်ချင်းအလိုက် ကိုယ်စားလှယ် လောင်းများ ရရှိသည့် ဆန္ဒမဲ စာရင်း။ |  | ✔ | ✔ | | | | |
| ၂၈။ | ပုံစံ (၁၉-က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် လောင်းများ ရရှိသည့် ဆန္ဒမဲ စာရင်း။ |  | ✔ | ✔ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၉။ | **ပုံစံ (၁၉ - ခ)** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် လောင်းများ ရရှိသည့် ဆန္ဒမဲ စာရင်း။ |  | ✔ | | | | |
| ၃၀။ | **နောက်ဆက်တွဲ ပုံစံ (ခ) (မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်း လမ်းညွှန်)** မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ။ |  | ✔ | | | ✔ | |
| ၃၁။ | **နောက်ဆက်တွဲ ပုံစံ (ဂ) (မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်း လမ်းညွှန်)** ဆန္ဒမဲလက်မှတ် စာအုပ် များကို ဆန္ဒမဲ လက်မှတ် ထုတ်ပေးသူ မဲရုံအဖွဲ့ဝင် များသို့ ထုတ်ပေး သည့်အခါ အသုံးပြုရန်ပုံစံ။ |  | ✔ | | | ✔ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၂။ | **နောက်ဆက်တွဲ ပုံစံ (ဃ) (မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်း လမ်းညွှန်)** ဖြစ်စဉ်မှတ်တမ်း။ |  | ✔ | | | ✔ | |
| ၃၃။ | **ပူးတွဲ (က)** နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များမှ ပုံစံ (၁၅) တောင်းခံ သည့် မှတ်ပုံတင်စာရင်း။ |  | | | | | ✔ |
| ၃၄။ | **ပူးတွဲ (ခ)** သံရုံး၊ အမြဲတမ်း ကိုယ်စား လှယ်ရုံး၊ ကောင်စစ်ဝန်ရုံး များအလိုက် ခွဲခြားထား သည့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များစာရင်း။ |  | | | | | ✔ |
| ၃၅။ | **ပူးတွဲ (ဂ)** နိုင်ငံပြင်ပရောက် မဲဆန္ဒရှင် စာရင်းချုပ်။ |  | | | | | ✔ |
| ၃၆။ | **လုပ်ငန်းလမ်းညွှန်များ** |  | | ✔ | | | ✔ |
| ၃၇။ | **မဲရုံမှူး လက်စွဲစာအုပ်** |  | | ✔ | ✔ | ✔ | |

ပုံစံများကို အရောင် ဖြင့် ခွဲခြား၍ ၎င်းတို့၏ ဆောင်ရွက်မှုများကို ခွဲခြား သိစေနိုင်ခြင်း

**အနက် – လွှတ်တော်သုံးရပ်ကိုကိုယ်စားပြုသည်။**

**ခရမ်း – လွှတ်တော်တစ်ရပ်ခြင်းစီအတွက်ကိုယ်စားပြုသည်။ (ဆောင်ရွက်ချက်တူပြီး၊ နံပါတ်စဉ်တစ်ခုတည်းမှုဖြစ်ပါသည်။)**

**အစိမ်း – တိုင်းရင်းသား လွှတ်တော် သီးသန့် အတွက်ကိုယ်စားပြုသည်။ လွှတ်တော်အရပ်ရပ်အတွက် ပုံစံ၏ ဆောင်ရွက်မှု သည်ကွဲပြားခြင်းရှိကောင်းရှိနိုင်ပါသည်။**


**အပြာ – တိုင်းရင်းသားအပါအဝင် လွှတ်တော်တစ်ရပ်ခြင်းစီကို ကိုယ်စားပြုသည်။ လွှတ်တော်အရပ်ရပ်အတွက် ပုံစံ၏ ဆောင်ရွက်မှု သည်ကွဲပြားခြင်းရှိကောင်းရှိနိုင်ပါသည်။ တိုင်းရင်းသားလွှတ်တော်အတွက် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ပုံစံများတွင် မှတ်တမ်းတင်ပါသည်။ (ဥပမာ၊ လွှတ်တော်သုံးရပ်အတွက် ပုံစံနံပါတ်တစ်ခု)**

**လိမ္မော် – ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် တစ်ခုခြင်းစီအတွက် အသုံးပြုသည်။**

ခဲရောင် – တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်လွှတ်တော်မှလွဲ၍ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက်သုံးရသောပုံစံဖြစ်သည်။

## ၃.၂။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ ပစ္စည်းများစီမံခန့်ခွဲခြင်း

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အထိခိုက်မခံနိုင်သော မဲရုံသုံးပစ္စည်းများကို မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ အရောက်ပေးပို့မည်။




| | | မြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| | **ရွေးကောက်ပွဲမတိုင်မီ** | | | |
| ၁။ | ကော်မရှင်မှပေးပို့လာသော မဲရုံပစ္စည်းများကို စစ်ဆေးလက်ခံပြီးနောက် လုံခြုံစိတ်ချရသော အခန်းတွင် သော့ခတ်၍ သို့မဟုတ် ဘဏ်တွင် သိမ်းဆည်းထားရမည်။ မဲရုံတစ်ခုစီ အတွက် လိုအပ်သော ပစ္စည်းများကို အစဉ်အတိုင်း စစ်ဆေးထုပ်ပိုးကာ အသင့် သိမ်းဆည်းထားရမည်။ | ✔ | | |
| ၂။ | ရပ်ကွက်/ ကျေးရွာအုပ်စုတစ်စုချင်းစီ ရှိမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အရေအတွက်နှင့် မဲရုံအရေအတွက် ပေါ်မူတည်၍ ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင် အဖွဲ့ခွဲအတွက် အထိခိုက်မခံသော မဲရုံပစ္စည်းများကို ပေးပို့ရန် ပို့ဆောင်ရေး အစီအစဉ်များ စီစဉ်ထားရမည်။ မဲလက်မှတ်များကို အစောင် (၅၀)တစ်အုပ်စီ ပြင်ဆင် ထားရမည်။ | ✔ | | |

| | | | | |
|---|---|---|---|---|
| ၃။ | ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပစ္စည်းများကိုပေးပို့မည်။ ပစ္စည်းများကို အရေအတွက် မှန်ကန် ကြောင်း စစ်ဆေးရမည်။ မဲလက်မှတ်များကို လွှဲပြောင်းပေးအပ်ခြင်း ပုံစံ (၁၁-က) ဖြင့် လက်မှတ် ရေးထိုးကာ လွှဲပြောင်းပေးအပ်ရမည်။ ပုံစံများ အားလုံးကို မိတ္တူတစ်စုံစီကူးကာ သိမ်းဆည်းထား မည်။ | ✔ | ✔ | |
| ၄။ | ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၌ ပစ္စည်း များ ကို လုံခြုံစွာ သိမ်းဆည်းထားရမည်။ | | ✔ | |
| ၅။ | မဲပေးသည့်နေ့ နံနက် (၆)နာရီ မတိုင်မီ သက်ဆိုင်ရာ မဲရုံအတွက် အထိခိုက်မခံနိုင်သော ပစ္စည်းများကို ရယူရမည်။ မဲရုံတစ်ခုစီ အတွက် မဲလက်မှတ်များ လွှဲပြောင်းပေးအပ်ရန်ပုံစံ (၁၁-ခ) ကိုအသုံးပြုရမည်။ | | ✔ | ✔ |
| ၆။ | မဲလက်မှတ်များ လွှဲပြောင်းပေးအပ်ခြင်း ပုံစံ (၁၁-ခ) ကိုလက်မှတ်ရေးထိုးကာမိတ္တူတစ်စောင် သိမ်းဆည်း ထားရှိရမည်။ | | ✔ | ✔ |

| | | မြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| | **ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲပြီးနောက် (မဲရုံများတွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်ပြီးပါက)** | | | |
| ၇။ | မဲရုံတွင်မဲပေးခြင်းနှင့် မဲရေတွက်ခြင်း ပြီးနောက်၊ အထိခိုက်မခံနိုင်သည့် ပစ္စည်းများကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရ မည်။ | | ✔ | ✔ |
| ၈။ | ပေးပို့လာသော အထိခိုက်မခံနိုင်သည့် ပစ္စည်းများ ပြည့်စုံမှုမရှိမရှိစစ်ဆေးရမည်။ | ✔ | | |
| ၉။ | ပစ္စည်းအရေအတွက် မမှန်ကန်ပါက မဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လိုအပ် သလို စီစဉ်ဆောင်ရွက်ရမည်။ | ✔ | ✔ | ✔ |

| | | | | |
|---|---|---|---|---|
| ၁၀။ | လုံခြုံရေးအိတ်တွင် မဲရုံအမည်၊ မဲရုံအမှတ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အမည်များ ရေးထားပြီး ကြောင်းနှင့် ချိပ်ပိတ်ထားမှု ပျက်စီးခြင်းမရှိကြောင်း စစ်ဆေးအတည်ပြုရမည်။ | ✔ | | |
| ၁၁။ | လုံခြုံရေးအိတ်များကို သိမ်းဆည်းရန် စတိုခန်းသို့ ရွှေ့ထားရမည်။ | ✔ | | |
| ၁၂။ | ပစ္စည်းပျောက်ဆုံးမှုဖြစ်ပေါ်ပါက လုပ်ထုံးလုပ်နည်း များနှင့်အညီစနစ်တကျ ဆောင်ရွက်စေရမည်။ | ✔ | | |
| ၁၃။ | ပစ္စည်းအားလုံး ပြန်လည်ရရှိပြီး ရလဒ်ပုံစံများကို ပြုစုပြီးပါက မဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအားပြန်လွှတ်မည်။ | ✔ | | |

**မှတ်ချက်**

လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်းပုံစံ (၁၆) နှင့် (၁၆-က) များ လွှဲပြောင်း ပေးအပ်ခြင်းကိုအခန်း (၅.၃) တွင် ပြည့်စုံစွာ ဖော်ပြထားသည်။

**အရေးကြီးသောအချက်**

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ မဲလက်မှတ်များ အရေအတွက် မှန်ကန်စွာ ပေးပို့ခြင်းရှိ/မရှိကို အတည်ပြုရမည်။ မဲလက်မှတ်များ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းရှိပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း အစီရင်ခံတင်ပြရမည်။

**လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ်များကို အခန်း (၅.၃) တွင် ဖတ်ရှုလေ့လာပါ။**

## ၃.၃။ အထိခိုက်ခံနိုင်သော မဲရုံသုံးပစ္စည်းများကို လွှဲပြောင်းပေးအပ်ခြင်း

တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အထိခိုက်ခံနိုင်သော မဲရုံ ပစ္စည်းများကို ပေးပို့မည်။

| | ရွေးကောက်ပွဲနေ့မတိုင်မီ | မြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| ၁။ | ပစ္စည်းများကို လက်ခံရရှိပြီးနောက် ပေးပို့မှုအစီအစဉ်ကို စိစစ်ကာ ပစ္စည်းများပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း အစီရင်ခံတင်ပြရမည်။ | ✔ | | |
| ၂။ | မဲပေးသည့်နေ့မတိုင်မီ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲအားလုံးသည် အထိခိုက်ခံနိုင်သော ပစ္စည်းများအားလုံးကို ရရှိနိုင်စေရန် ပေးပို့မည့် ပို့ဆောင်ရေးအစီအစဉ်များကို ချမှတ် ပြင်ဆင်ထားရမည်။ | ✔ | | |
| ၃။ | မဲပေးသည့်နေ့ နံနက် (၆)နာရီ မတိုင်မီ သက်ဆိုင်ရာ မဲရုံအတွက်ပစ္စည်းများအားလုံးကို ရယူရမည်။ | | | ✔ |

| | ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲပြီးနောက် | မြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| ၄။ | မဲရေတွက်ခြင်းလုပ်ငန်းပြီးသောအခါ ဒုမဲရုံမှူးသည် ပြန်လည် အသုံးပြုနိုင်သော အထိခိုက်ခံနိုင်သည့် မဲရုံပစ္စည်းများကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ သိမ်းဆည်းရန် ပြန်လည် အပ်နှံရမည်။ | | ✔ | ✔ |

# ၄။ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ စစ်ဆေးရန် စာရင်း

## ၄.၁။ နိုင်ငံပြင်ပမှ ကြိုတင်မဲပေးခြင်း

အောက်ပါပုဂ္ဂိုလ်များသည် နိုင်ငံပြင်ပမှ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည်။

၁။ အစိုးရကနိုင်ငံပြင်ပသို့ တာဝန်ပေးစေလွှတ်ထားသော မြန်မာနိုင်ငံ၏ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအဆင့်ဆင့်၏ သံအဖွဲ့ဝင်များ၊ သံရုံးဝန်ထမ်းများ၊ ယင်းရုံးများတွင် နိုင်ငံတော်အစိုးရက ပေးအပ်သော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ ယင်းတို့အား မှီခိုနေသော ဇနီး၊ ခင်ပွန်း၊ သားသမီးနှင့် အခြားသူများ (နည်း ၂၈၊ ၁)

၂။ အစိုးရက နိုင်ငံပြင်ပသို့ တာဝန်ပေးစေလွှတ်ထားသော ကိုယ်စားလှယ်အဖွဲ့ဝင်များ အစိုးရ၏တာဝန်ပေးချက်အရ နိုင်ငံ ပြင်ပတွင် ရောက်ရှိနေသော ဝန်ထမ်းများ (နည်း ၂၈၊ ၂)


၃။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုခု၊ နိုင်ငံခြားအစိုးရ၏ဌာနတစ်ခုခုတို့တွင် အလုပ် လုပ်ကိုင်နေသူများ (နည်း ၂၈၊ ၂)

၄။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရှိ ပုဂ္ဂလိက လုပ်ငန်းတစ်ခုခုတွင် အလုပ်လုပ်ကိုင်နေသူများ (နည်း ၂၈၊ ၂)

၅။ နိုင်ငံခြားပညာသင်ပုဂ္ဂိုလ်များ (နည်း ၂၈၊ ၂)

၆။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသည့်ပုဂ္ဂိုလ်များ၊ ယင်းတို့အား မှီခိုနေသာ ဇနီး၊ ခင်ပွန်း၊သားသမီးနှင့် အခြားသူများ (နည်း ၂၈၊ ၂)

* ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စု ဝင်များက ကြိုတင်၍ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆက်သွယ် ဆောင်ရွက်ပေးရမည်။



## ၄.၁.၁။ နိုင်ငံပြင်ပရောက် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များ တိုက်ဆိုင်စစ်ဆေးရန်စာရင်း

| | | ဗြိုဟ်နယ် | ရပ်ကွက်/ ကျေးရွာ | သံရုံး/ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်/ နိုင်ငံခြားရေး ဝန်ကြီးဌာန |
|---|---|---|---|---|
| ကြိုတင်မဲပေးသည့် ရွေးကောက်ပွဲကာလမတိုင်မီ | | | | |
| ၁။ | ရွေးကောက်ပွဲနေ့ ကြေညာချက်မတိုင်မီ နိုင်ငံခြားရေး ဝန်ကြီး ဌာနအား ပုံစံ (၁၅) ပေးပို့ရန် | | | ✔ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် |
| ၂။ | ရွေးကောက်ပွဲ နေ့ ကြေညာပြီးပါက ပုံစံ (၁၅) ကို သံရုံး အသီးသီးထံမှ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဝက်ဘ်ဆိုက်မှ ဒေါင်းလုဒ်လုပ်ယူနိုင်သည်။ | | | ✔ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် နှင့် သံရုံး |
| ၃။ | ကြိုတင်မဲဆန္ဒရှင်များ ပုံစံ (၁၅) ကို ပြည့်စုံအောင် ဖြည့်စွက် ပြီးပါက သံရုံးသို့ တင်သွင်းရပါမည်။ (ရက်စွဲအား အတည်ပြု ရန်၊ သို့သော်လည်း ရွေးကောက်ပွဲ ရက် မတိုင်ခင် ၁၂ ပတ်အလိုတွင် ဖြစ်သင့်သည်) | | | ✔ သံရုံး |
| ၄။ | ပြည့်စုံအောင်ဖြည့်စွက်ထားသော ပုံစံ (၁၅) ကို မဲဆန္ဒရှင်များထံမှ ရရှိမည်။ | | | ✔ သံရုံး |
| ၅။ | ကြိုတင်မဲဆန္ဒရှင်များအား ပုံစံ (၁၅) ကို ပြည့်စုံအောင် ဖြည့်စွက်ပြီး သတ်မှတ်ထား သောနောက်ဆုံးရက်တွင် တင်သွင်းပြီးပါက ပြည့်စုံအောင်ဖြည့်စွက်ထားသောပုံစံ (၁၅) များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရန်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၁၁ ပတ်ခန့်အလို) | | | ✔ သံရုံး |

| | | | | |
|---|---|---|---|---|
| ၆။ | ပြည့်စုံအောင် ဖြည့်စွက်ထားသောပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် သို့ပေးပို့ရန်။ (ရွေးကောက်ပွဲနေ့ မတိုင်မီ ၁၀ ပတ်ခန့်အလို) | | | ✔ နိုင်ငံခြားရေး ဝန်ကြီးဌာန |
| ၇။ | ပြည့်စုံအောင်ဖြည့်စွက်ထားသောပုံစံ (၁၅) များကို မြို့နယ် ရွေးကောက်ပွဲကော်မရှင် ခွဲများသို့ ပေးပို့ရန်။(ရွေးကောက်ပွဲနေ့မတိုင်မီ ၉ ပတ်ခန့်အလို) | | | ✔ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် |
| ၈။ | ပုံစံ (၁၅) များကို ရပ်ကွက် / ကျေးရွာ ကော်မရှင် ခွဲများ သို့ပေးပို့ရန်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၉ ပတ်ခန့်အလို) | ✔ | | |
| ၉။ | မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခွင့် လျှောက်ထားသူများ မဲစာရင်းတွင် အတည်ပြုရန် ပုံစံ (၁၅) များကို ပုံစံ (၁) နှင့် (၁-က) တို့နှင့် တိုက်ဆိုင် စစ်ဆေးရန်။ | | ✔ | |
| ၁၀။ | အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ၏ ပုံစံ (၁၅)ကို လက်ခံပြီး ပုံစံ (၁-၃) ပေါ်တွင် မှတ်တမ်းတင်ထားရန်။ ပုံစံ (၁-၃) ကိုမိတ္တူ (၃) စောင် ဆွဲထားရန်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၈ ပတ်ခန့်အလို) | | ✔ | |
| ၁၁။ | ပုံစံ (၁-၃) မိတ္တူ (၁) စောင်ကို ရပ်ကွက် / ကျေးရွာ အုပ်စု ကော်မရှင်ခွဲတွင် ပြသထားပြီး မိတ္တူ (၂) စောင်ကို မြို့နယ်သို့ပို့ရန်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၈ ပတ်ခန့် အလို) | | ✔ | |
| ၁၂။ | နိုင်ငံပြင်ပမဲပေးခွင့်ရသူများ၏အမည်များကို ပုံစံ (၁) တွင် ခွဲခြားသတ်မှတ်နိုင်ရန် မင်နီဖြင့် မျဉ်းသားထားရန်။ **နမူနာပုံစံ**ကို စာမျက်နှာ (၃၁) တွင် ဖတ်ရှုလေ့လာပါ။ | | ✔ | |

| | | | | |
|---|---|---|---|---|
| ၁၃။ | လွှတ်တော် ကိုယ်စားလှယ်လောင်းများ ကိုကြေညာပြီး နောက် နိုင်ငံပြင်ပမဲပေးသူများ ကြိုတင်မဲလက်မှတ်နှင့် စာအိတ်များ ကိုပြင်ဆင်ထားပါ။<br><br>**သတိပြုရန်အရေးကြီးသောအချက် –** ကြိုတင်ဆန္ဒမဲလက်မှတ် တစ်ခုချင်းစီ၏ ကျောဘက်တွင် မြို့နယ် ကော်မရှင် အဖွဲ့ခွဲ တံဆိပ်တုံး၊ တာဝန်ခံ ထုတ်ပေးသူ၏ အမည်နှင့် လက်မှတ် ပါဝင်ရမည်။<br><br>မြို့နယ်ကော်မရှင်အဖွဲ့ခွဲတံဆိပ်ခေါင်းသည် အဆိုပါ လက်ခံဖြတ်ပိုင်းများ၏ နောက်ကျော ဘက်တွင် ရှိရမည်။<br>(သံရုံးတာဝန်ခံများသည် လက်မှတ်ရေးထိုး ရန်မလိုပါ။)<br><br>စာအိတ်များပေါ်တွင် ကိုယ်စားလှယ်လောင်း များ၏ အမည်၊ မဲဆန္ဒနယ်၊ ရပ်ကွက် / ကျေးရွာ အုပ်စု အမည်၊ မဲရုံအမှတ် တို့ကို ရေးသားထား ရမည်။<br><br>ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်မဲ စာအိတ် များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပေးပို့ပါ။ (ရွေးကောက်ပွဲနေ့ မတိုင်မီ ၆ ပတ်ခန့်အလို) | ✔ | | |

| | | | | |
|---|---|---|---|---|
| ၁၄။ | ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်မဲစာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံရုံးများသို့ ပေးပို့ရန်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၇ ပတ်ခန့်အလို)<br><br>ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ **ပူးတွဲ(က)၊ (ခ) နှင့် (ဂ)၊ ပုံစံ (၁၆-၁)** တို့ကို UEC Website မှ download ရယူထားရန်။ | | | ✔<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန |
| ကြိုတင်မဲပေးသည့် ရွေးကောက်ပွဲကာလအတွင်း | | | | |
| ၁၅။ | မဲဆန္ဒနယ်ပြင်ပ မဲပေးခြင်းကို သံရုံးအသီးသီးတွင် စီစဉ်ရန်။<br><br>**သတိပြုရန်အရေးကြီးသောအချက် –**<br>မဲဆန္ဒရှင်များမှ ယင်းတို့ရွေးချယ်ထားသောကိုယ်စားလှယ်လောင်းကို မဲပေးရန် မဲလက်မှတ်များပေါ်တွင် လျှို့ဝှက်မှတ်သားခြင်း/ဆန္ဒမဲပေးသူများအား ခွဲခြားသတ်မှတ် နိုင်စေရန် မဲလက်မှတ်များကိုတနည်းတဖုံဖြင့် အမှတ်အသားပြုလုပ်ခြင်းမပြုစေရန် မဲဆန္ဒရှင်များအား သတိပေးရန်။<br><br>မဲဆန္ဒရှင်များမှ ဆန္ဒပြုပြီးသော မဲလက်မှတ်များကို ကြိုတင်မဲစာအိတ်အသီးသီးတွင် ထည့်ထားရန်။<br>**သတိပြုရန် – ကြိုတင်မဲပေးခြင်းအတွက် မင်တို့ရန် မလိုပါ။**<br>**သတိပြုရန် – သံရုံးအရာရှိများသည် ဆန္ဒမဲလက်မှတ် ပေါ်တွင် လက်မှတ်ရေးထိုးရန် မလိုပါ။** | | | ✔<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန |

| | | | | |
|---|---|---|---|---|
| ၁၆။ | ကြိုတင်ဆန္ဒမဲလက်မှတ်များ၊ အသုံးမပြုသည့် ဆန္ဒမဲလက်မှတ်များ၊ စာအိတ်များနှင့် စာရွက်စာတမ်း များကို နိုင်ငံခြားရေး ဝန်ကြီး ဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရန်။ | ✔ | | |
| ၁၇။ | ကြိုတင်ဆန္ဒမဲလက်မှတ်စာအိတ်များအတွင်းသို့ ထည့်ရန် - ဆန္ဒပြုထားသောကြိုတင်ဆန္ဒမဲလက်မှတ် များ၊ အသုံးမပြုရ သေးသော ဆန္ဒမဲလက်မှတ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ ပူးတွဲ (က) (ခ) နှင့် (ဂ)၊ ပုံစံ (၁၆-၁) တို့ကိုအိတ်အတွင်းသို့ ထည့်ကာချိပ်ပိတ်ရန်။ အဆိုပါကြိုတင်ဆန္ဒမဲ လက်မှတ်စာအိတ်များကို နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ပေးပို့ရန်။ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ပေးပို့ရန်။ | | | ✔<br>သံရုံး၊<br>နိုင်ငံခြားရေး<br>ဝန်ကြီးဌာန |
| ၁၈။ | နိုင်ငံအလိုက်ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲ လက်မှတ်စာအိတ်များကို ရွေးထုတ်ပြီး သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရန်။ | | | ✔<br>ပြည်ထောင်စု<br>ရွေးကောက်ပွဲ<br>ကော်မရှင် |

| | | | | |
|---|---|---|---|---|
| ၁၉။ | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြိုတင်ဆန္ဒမဲ လက်မှတ်စာအိတ်များကို လက်ခံရရှိမည်။<br>မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စီစဉ် သတ်မှတ်ထားသောအချိန်တွင် မဲဆန္ဒနယ် ပြင်ပ ကြိုတင်ဆန္ဒမဲပုံးကို အသိသက်သေ များ၏ ရှေ့မှောက် တွင် လုံခြုံရေးကြိုးဖြင့် လေးဘက်လေးတန် ချိပ်ပိတ်ရန်။<br>လုံခြုံရေးကြိုးနံပါတ်စဉ်များကို ဤစာအုပ်ပါ **နောက်ဆက်တွဲ (၁)** တွင် မှတ်တမ်းတင်ရန်။<br>မဲဆန္ဒနယ်ပြင်ပရောက် ပြည်ပမဲဆန္ဒရှင်များ ထံမှ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲ လက်မှတ်ပါ စာအိတ် စာရင်းကို ပုံစံ(၁၈ - ၁) တွင် မှတ်တမ်းတင်ရန်။<br>ပြီးနောက်ကြိုတင်ဆန္ဒမဲစာအိတ်များကို ချိပ်ပိတ်ထားသော မဲပုံးအတွင်းသို့ ထည့်ရန်။<br>**အဆိုပါ ကြိုတင်ဆန္ဒမဲ စာအိတ်များကို မဖွင့်ဖောက်ရသေးပါ။** | ✔ | | |
| ၂၀။ | ကြိုတင်မဲစာအိတ်များကို ချိပ်ပိတ်ထားသည့် မဲပုံးများ တွင်ထည့်ပြီး ရုံးခန်းတွင် ထိန်းသိမ်း ထားရန်။ | ✔ | | |
| ကြိုတင်မဲပေးခြင်း ကာလပြီးနောက် | | | | |
| ၂၁။ | ရွေးကောက်ပွဲနေ့ ညနေ(၄) နာရီတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးရှိ ကြိုတင်မဲပုံးများ ကို ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မျက်မြင် သက်သေများ၊ရွေးကောက်ပွဲလေ့လာ သူများ နှင့်သတင်းသမားများ ရှိနေချိန်တွင် ရေတွက်ရန်။ | ✔ | | |
| ၂၂။ | ကြိုတင်မဲပေးခြင်းကာလ ပြီးဆုံးခြင်းနှင့် မဲရေတွက်ခြင်း အတွက် အခန်း (၅.၁) တွင် အသေးစိတ်ဖတ်ရှုလေ့လာရန်။ | ✔ | | |

## မှတ်ချက်

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်ညနေ(၄)နာရီနောက်ပိုင်းမှရောက်ရှိလာသော ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ထည့်သွင်းရေတွက်မည်မဟုတ်ပါ။

ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏ လက်မှတ်မပါဝင်ပါ။ မဲလက်မှတ်၏ကျောဘက်တွင် တာဝန်ခံအမည်၊ လက်မှတ်နှင့် ကော်မရှင် အဖွဲ့ခွဲ၏တံဆိပ်ပါရမည်။

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**သစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| **ဦးငှက်ပျောသီး** |  | |
| **ဒေါ်ဖရဲသီး** |  | ✓ |
| **ဦးပန်းသီး** |  | |

မဲရုံမှူးလက်မှတ်၊ --------------------

အမည်၊ ------------------------------

နမူနာ - ၁



နမူနာ - ၁၃

ခိုင်လုံမဲ နမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်၏ကျောဘက်တွင် တာဝန်ခံအမည်၊ လက်မှတ်နှ ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ပါရှိသောမဲလက်မှတ်

## ၄.၂။ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်း

ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင် ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင် လာရောက်ဆန္ဒမဲမပေးနိုင်သော အောက်ပါပုဂ္ဂိုလ်များသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေး နိုင်သည်။

၁။ ရွေးကောက်ပွဲကျင်းပသောနေ့၌မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်၏ပြင်ပသို့ ခရီးဝေး သွားရန်ရှိသူ (မှတ်ချက်။ ခရီးဝေး မဖြစ်မနေသွားရောက်ရမည်ဟု အထောက်အထား စာရွက်စာတမ်းတင်ပြ၍) (နည်း ၅၁၊ က)
၂။ အနာကြီးရောဂါစွဲကပ်နေသူ (နည်း ၅၁၊ ခ၊ ၁)
၃။ နေအိမ်တွင်ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ (နည်း ၅၁၊ ခ၊ ၁)
၄။ နေအိမ်တွင်မီးဖွားနေသူ (နည်း ၅၁၊ ခ၊ ၁)
၅။ အသက်အရွယ်ကြီးရင့်သူ (နည်း ၅၁၊ ခ၊ ၁)
၆။ မသန်စွမ်းသူ (နည်း ၅၁၊ ခ၊ ၂)
၇။ အချုပ်ခံနေရသူများ (မဲဆန္ဒနယ်အတွင်းရှိ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း) (နည်း ၅၁၊ ခ၊ ၃)
၈။ ဆေးရုံသို့တက်ရောက်နေရသောအတွင်းလူနာများ (မဲဆန္ဒနယ်အတွင်းရှိဆေးရုံတွင်) (နည်း ၅၁၊ ခ၊ ၄)
၉။ ရွေးကောက်ပွဲကျင်းပသောနေ့၌မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍သွားရောက်တာ ဝန်ထမ်းဆောင်ရသော ဝန်ထမ်း (သို့မဟုတ်) တပ်မတော်သား (သို့မဟုတ်) ရဲတပ်ဖွဲ့ဝင်များ (နည်း ၅၁၊ ဂ)

အမှတ်စဉ် (၁-၈) အထိ ကြိုတင်မဲပေးရန် အကျုံးဝင်သူမဲဆန္ဒရှင်များသည် ရွေးကောက်ပွဲ နေ့မတိုင်မီ (၂) ရက်အလိုတွင် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွင် သွားရောက် မဲပေးနိုင်သည်။ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လာရောက်မဲမပေးနိုင်သော ကြိုတင်မဲဆန္ဒရှင်များကို ကြိုတင်မဲကောက်ယူသည့် အဖွဲ့မှလာရောက်ကောက်ယူမည်။ ယင်းအဖွဲ့နှင့်အတူ ရွေးကောက်ပွဲလေ့လာသူများ၊ ကိုယ်စားလှယ်များ လိုက်ပါကြည့်ရှု နိုင်သည်။

အမှတ်စဉ်နံပါတ်(၉) တွင်ဖော်ပြထားသောကြိုတင်မဲပေးရန်အကျုံးဝင်သူမဲဆန္ဒရှင်များသည် ၎င်းတို့၏ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ သက်မှတ်ထားသော ကာလအတွင်း သွားရောက်၍ ကြိုတင်မဲပေးနိုင်သည်။ [ ဥပမာ။ ၂၀၁၅ ခုနှစ်အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကျင်းပသောနေ့၌ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက်တာ ဝန်ထမ်းဆောင်ရသောဝန်ထမ်းများသည် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ၌ ရွေးကောက်ပွဲ နေ့မတိုင်မီ (၁၀)ရက်အလိုမှစ၍ နံနက် (၈)နာရီမှ ညနေ(၆)အတွင်း သွားရောက်ကြိုတင်

မဲပေးခဲ့သည်။] ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်မှာ မဲလက်မှတ်များကို ကြိုတင်မဲပုံးထဲသို့ ထည့်သွင်းမဲပေးရသည်မှအပ ကျန်လုပ်ငန်းစဉ်များမှာ မဲရုံတွင် မဲပေးသကဲ့သို့ပင်ဖြစ်သည်။ ရွေးကောက်ပွဲလေ့လာသူများလည်း ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်ကို သွားရောက်လေ့လာနိုင်သည်။





ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

……… ခုနှစ်၊ ………………….လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

(နည်းဥပဒေ ၄)

……………….. တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်( )

မြို့နယ်အမည် - -

----------

မဲရုံအမှတ် ( ၁ ) ( အ.လ.က-၁ ) ၊အလယ်ပုံ

ရပ်ကွက်/ကျေးရွာအုပ်စု

မဲဆန္ဒရှင်ပေါင်း (၃၁) ဦး -

ကျား (၁၆) ဦး - မ (၁၅) ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ဒေါ် စံပါယ် | မ | ၁၇-၀၃-၁၉၈၈ | ၈/စတရ(နိုင်)၀၃၄၇၄၀ | ဦးခင်မောင်သန်း | ဒေါ်ကြည်ဝင်း | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ ၀၃၇ | |
| ၂ | ဦးထွန်းထွန်း | ကျား | ၁၇-၀၆- | | ဦးခင်မောင်သန်း | | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ | |
| ၃ | ဒေါ်မြလှိုင် | မ | | | | | ယ်ပုံကျေးရွာ၊ | |
| ၄ | ဦးသီဟ | ကျား | ၂ | | | | ယ်ပုံကျေးရွာ၊ | |
| ၅ | ဒေါ်ဖြူဖြူ | မ | ၂၉-၀၉-၁၉၉၃ | ၈/စတရ(နိုင်)၀၃၇၅၁၈ | ဦးကြီးမောင် | ဒေါ်ခင်သိန်း | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ ၀၃၉ | |
| ၆ | ဦးဝဏ္ဏ | ကျား | ၀၉-၀၁-၁၉၉၅ | ၈/စတရ(နိုင်)၀၃၇၅၁၃ | ဦးအောင်အောင် | ဒေါ်လှဝိုင်း | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ ၀၄၀ | |
| ၇ | ဒေါ်မြင့်မြင့် | မ | ၁၄-၁၂-၁၉၉၂ | ၈/စတရ(နိုင်)၀၃၇၅၁၀ | ဦးအောင်သန်း | ဒေါ်ခင်မြင့် | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ ၀၄၀ | |
| ၈ | ဦးစံလင်း | ကျား | ၀၇-၁၁-၁၉၈၁ | ၈/စတရ(နိုင်)၀၂၇၀၀၀ | ဦးထွန်းလွင် | ဒေါ်စန်းကြည် | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ ၀၄၁ | |
| ၉ | ဒေါ်စန်းကြည် | မ | ၁၈-၀၈-၁၉၅၂ | ၈/စတရ(နိုင်)၀၀၄၀၈၄ | ဦးထွန်းဝင်း | ဒေါ်လှလှ | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ ၀၄၁ | |
| ၁၀ | ဦးသန်းအောင် | ကျား | ၁၈-၀၅-၁၉၆၁ | ၈/စတရ(နိုင်)၀၀၄၁၁၈ | ဦးမင်း | ဒေါ်မယ်ရင် | မရ-၀၁၊ အလယ်ပုံကျေးရွာ၊ ၀၄၂ | |

**မဲဆန္ဒရှင်စာရင်း ပုံစံ (၁) နှင့် [အကျုံးဝင်ပါက ပုံစံ(၁-က)] ပေါ်တွင်ကြိုတင်ဆန္ဒမဲ ပေးမည့်သူများ၏ အမည်အောက်တွင် မင်နီဖြင့်မှတ်သားထားရန်။**

## ၄.၂.၁။ မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်း တိုက်ဆိုင်စစ်ဆေးရန်စာရင်း

| | | မြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| ကြိုတင်မဲပေးသည့်ရွေးကောက်ပွဲကာလ မတိုင်မီ | | | | |
| ၁။ | မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်းအတွက် မဲဆန္ဒရှင်များထံမှ တောင်းဆိုချက်များကို လက်ခံမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၁၅ ပတ်ခန့်အလို) | | ✔ | |
| ၂။ | မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးမည့် မဲဆန္ဒရှင်များကို ပုံစံ (၁) (နှင့်ပုံစံ (၁-က)) ဖြင့် အတည်ပြုမည်။ | | ✔ | |
| ၃။ | မဲဆန္ဒနယ်အတွင်းကြိုတင်မဲပုံးများ သိမ်းဆည်းရန်အတွက် လုံခြုံသောထားသိုရန်နေရာ ရှာဖွေသတ်မှတ်မည်။ (မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခွင့်ပြုရန် တောင်းဆိုထားသော မဲဆန္ဒရှင်များအတွက်မဲရုံတစ်ရုံလျှင် ကြိုတင် ဆန္ဒမဲပုံး (၁) ပုံး ထားသိုရန်နေရာ)<br>(ရွေးကောက်ပွဲနေ့မတိုင်မီ ၁ ပတ်ခန့်အလို) | | ✔ | |
| ၄။ | မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်းအတွက် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲရုံး အတွင်း တွင် မဲရုံတစ်ခုကဲ့သို့ ပြင်ဆင်ရမည်။ | | ✔ | |

| | | မြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| ၅။ | ကြိုတင်မဲလက်မှတ်များနှင့် ကြိုတင်မဲ စာအိတ်များ ကိုပြင်ဆင်ရမည်။<br>**သတိပြုရန်အရေးကြီးသည့်အချက် –**<br>ကြိုတင်ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်းတွင် လည်းကောင်း၊ ကျောဘက်တွင် လည်းကောင်းရပ်ကွက် / ကျေးရွာအုပ်စု ကော်မရှင်ခွဲ တံဆိပ်တုံး၊ တာဝန်ခံထုတ်ပေးသူ၏ အမည်နှင့် လက်မှတ် ပါရှိရမည်။ စာအိတ်များတွင် ကိုယ်စားလှယ်လောင်း အမည်များ၊ မဲဆန္ဒနယ်၊ ရပ်ကွက် / ကျေးရွာ အုပ်စု အမည်၊ နှင့် မဲရုံအမှတ် တို့ကိုရေးသား ထားရမည်။ | | ✔ | |
| **ကြိုတင်မဲပေးသည့်ကာလအတွင်း** | | | | |
| ၆။ | မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးသည့်ကာလ စတင်သည့် မနက် (၆) နာရီတွင် မဲရုံတစ်ခုစီအတွက် မဲဆန္ဒနယ်အတွင်းကြိုတင် ဆန္ဒမဲပုံးများ ဗလာဖြစ်သည် ကို အတည်ပြုပြီး လုံခြုံရေးကြိုးဖြင့် လေးဘက်လေးတန် ချိပ်ပိတ်ရမည်။ လုံခြုံရေးကြိုး ချိပ်ပိတ်ရာ၌ ကြိုးများ၏ နံပါတ်စဉ်များကို **နောက်ဆက်တွဲ (၁)** တွင် မှတ်တမ်းတင်ပါ။ ရွေးကောက်ပွဲနေ့မဲရုံ၌ ကြိုတင်ဆန္ဒမဲပုံးကို လွှဲပြောင်းပေးရာတွင် သက်ဆိုင်ရာ **နောက်ဆက်တွဲ (၁)** မိတ္တူတစ်စောင်ကို မဲရုံအဖွဲ့ကိုပေးအပ်ရမည်။ မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒ မဲပုံး အဖုံး၏ အပေါက်အကျယ်အဝန်းသည် မဲလက်မှတ်များ ပါဝင်သည့် ကြိုတင်မဲစာအိတ်များထည့်သွင်းရန် လုံလောက်သော အကျယ်အဝန်းရှိရမည်။ သို့သော် လိုသည်ထက် အလွန်ကျယ်ဝန်း မနေရ။ | | ✔ | |

| | | ဗြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| ၇။ | ပုံစံ (၁၁-က) ကို ပြည့်စုံအောင်ဖြည့်စွက်ပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များကိုလွှဲပြောင်း ပေးအပ်ရမည်။ မဲလက်မှတ်တစ်စောင်ခြင်းစီ၏ နောက်ကျော ဘက်တွင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံး၊ ကြိုတင်မဲလက်မှတ်ထုတ်ပေး သူတာဝန်ခံ၏ အမည်နှင့်လက်မှတ်ပါရှိရမည်။ | | ✔ | |
| ၈။ | ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲရုံးသို့ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးရန် လာရောက်သော မဲဆန္ဒရှင်သည် ကြိုတင်မဲပေး ပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ဟုတ်၊မဟုတ်ကို အတည်ပြုရန် မဲဆန္ဒရှင်စာရင်းကို စစ်ဆေး ရမည်။ (မဲဆန္ဒရှင်စာရင်းပေါ်တွင် ကြိုတင် ဆန္ဒမဲပေးမည့်သူများ၏ အမည်ကို မင်နီတား ထားသည်။) (နံပါတ် ၁၀ သို့ဆက်ရန်) | | ✔ | |
| ၉။ | ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးသို့ မဲဆန္ဒရှင်ကိုယ်တိုင် ကြိုတင်မဲလာရောက် မပေးနိုင်ပါက ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ အချိန်ဇယားအတိုင်း မဲဆန္ဒရှင်များထံသို့ သွားရောက်ရမည်။[၉] သွားရောက် ဆန္ဒမဲပေး ခွင့်ပြုရန် မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ မဲစာရင်းပေါ်တွင် ကြိုတင်ဆန္ဒမဲပေးမည့်သူ အဖြစ်မှတ်သားထားသည်။ (မဲဆန္ဒရှင် စာရင်းပေါ်ရှိ ကြိုတင်ဆန္ဒမဲပေးသူ များ၏ အမည်ကို မင်နီတားထားသည်။) | | ✔ | |

[၉] ရွေးကောက်ပွဲနေ့ မတိုင်မီ (၂) ရက်အလိုတွင်ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးသို့ မဲဆန္ဒရှင်ကိုယ်တိုင် ကြိုတင်မဲ လာရောက်မပေးနိုင်ပါက ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ အချိန်ဇယားအတိုင်း မဲဆန္ဒရှင်များထံသို့သွားရောက်ရမည်။

| | | မြို့နယ် | ရပ်ကွက်/ ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| ၁၀။ | မဲလက်မှတ် ၏မဲလက်ခံဖြတ်ပိုင်းပေါ်တွင် မဲဆန္ဒရှင် အမည်၊ မဲဆန္ဒရှင် အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာ အမည် နှင့် မဲလက်မှတ်စာအုပ်နံပါတ်/ မဲလက်မှတ်နံပါတ် (ဥပမာ - ၃/၁၅ = မဲလက်မှတ် စာအုပ်နံပါတ် ၃မှ နံပါတ် ၁၅) တို့ကို ရေးထားသော မဲလက်မှတ်ကို ထုတ်ပေးပါ။ မဲလက်မှတ်ပေါ်တွင် **မရေးရပါ။** မဲလက်ခံဖြတ်ပိုင်း ပေါ်တွင်သာရေးရမည်။ | | ✔ | |
| ၁၁။ | မဲဆန္ဒရှင်အား မဲလက်ခံဖြတ်ပိုင်းတွင် လက်မှတ်ထိုး/ လက်ဗွေနှိပ်ရန် ညွှန်ကြားပါ။ မဲဆန္ဒရှင်များ လက်ဗွေနှိပ် လက်မှတ်ထိုးရာ တွင်လိုအပ်ပါက ကူညီပေးပါ။ | | ✔ | |
| ၁၂။ | မဲလက်ခံဖြတ်ပိုင်းမှ မဲလက်မှတ်ကို ဆုတ်ဖြဲယူပြီး မဲဆန္ဒရှင်ကိုပေးပါ။ မဲဆန္ဒရှင်မှ မဲလက်မှတ်ပေါ်ရှိ ကိုယ်စားလှယ်လောင်း၏ သတ်မှတ်ထားသော နေရာတွင်**တံဆိပ်တုံးဖြင့်** ထုကာ ဆန္ဒမဲပေးပါမည်။ မဲဆန္ဒရှင်မှ ဆန္ဒပြုပြီး ပါက သက်ဆိုင်ရာ ကြိုတင်မဲ စာအိတ် ထဲတွင် မဲလက်မှတ်ကိုထည့်၍ ချိပ်ပိတ်ထားသော မဲပုံး အတွင်းသို့ ထည့်မည်။ မဲလက်မှတ်များကို ခွဲခြားသိသာနိုင်စေရန် အမှတ်အသား ပြုလုပ်ခြင်းမပြုစေရန် မဲဆန္ဒရှင်များအား သတိပေးပါ။ | | ✔ | |

| | | မြို့နယ် | ရပ်ကွက်/ကျေးရွာ | မဲရုံ |
|---|---|---|---|---|
| ၁၃။ | မဲဆန္ဒရှင်အား အထက်တွင် ဖော်ပြထားသော အဆင့် (၉ – ၁၂)အတိုင်း အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (အကျုံးဝင်ပါက တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်) တို့ကို အစဉ်လိုက် ဆန္ဒပြုစေမည်။ | | ✔ | |
| | **သတိပြုရန် – ကြိုတင်ဆန္ဒမဲပေးရာတွင် မင်တို့ရန် မလိုအပ်ပါ။** | | | |
| ၁၄။ | ဆန္ဒမဲပေးပြီးသော မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်မဲပေးသူများ၏ အမည်များကို ပုံစံ (၁၃) တွင်မှတ်တမ်းတင်မည်။ | | ✔ | |
| **မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးသည့် ကာလပြီးနောက်** | | | | |
| ၁၅။ | ကြိုတင်ဆန္ဒမဲပုံး၊ မဲဆန္ဒရှင်စာရင်းနှင့် အသုံးမပြုရသေး သော မဲလက်မှတ်များကို သိမ်းဆည်းရန် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ လွှဲပြောင်းပေးအပ် မည်။ | | ✔ | |
| ၁၆။ | အသုံးမပြုရသေးသော ဆန္ဒမဲလက်မှတ် များစာရင်း – ပုံစံ (၁၆ – ၁) ကိုပြည့်စုံအောင် ဖြည့်စွက်မည်။ | | ✔ | |
| ၁၇။ | မဲဆန္ဒနယ်အတွင်းကြိုတင်မဲပုံးများကို ရွေးကောက်ပွဲနေ့ နံနက် မဲရုံဖွင့်ချိန် မတိုင်မီ သက်ဆိုင်ရာ မဲရုံအသီးသီး၏ မဲရုံမှူးထံသို့ ပုံစံ(၁၃) ၄ စောင်နှင့် အတူ လွှဲပြောင်းပေးအပ် မည်။ | | ✔ | ✔ |



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | UEC |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------

အမည်၊ ----------------------------

ပုံစံ (၅)
- မဲရုံမှူးလက်မှတ်မပါသော မဲ

မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်း ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏လက်မှတ် မပါဝင်ပါ။ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေး ရာတွင် သက်ဆိုင်ရာရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ၏ တံဆိပ်နှင့်အတူ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ အမည်နှင့်လက်မှတ်သည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင်ပါဝင်ရမည်။

**ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များအတွက် ဆောင်ရန်များ**

- မည်သည့်အကြောင်းပင်ဖြစ်စေကာမူ မဲဆန္ဒရှင်များ၏ အခြေအနေ/နာမကျန်းမှုကို ထည့်သွင်းစဉ်းစားကာငှင်းတို့ကို လေးစားစွာဆက်ဆံပေးရန် နှင့် ကူညီပေးရန်။
- ဘက်လိုက်ခြင်းမရှိပဲ လုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်ရန်။
- ကြိုတင်မဲပေးခြင်းကို လေ့လာလိုသော ရွေးကောက်ပွဲလေ့လာသူများကို လေ့လာခွင့်ပေးရန်။(သို့သော် မဲဆန္ဒရှင်၏ ဆန္ဒမပေါက်ကြားစေရေးအတွက် အချိန်တိုင်းဦးစားပေးကာ လျှို့ဝှက်မဲပေးနိုင်စေရမည်။)
- မဲဆန္ဒရှင်ထံသို့ ဆန္ဒမဲကောက်ယူရန် သွားရောက်သည့်အခါ အချိန်အလုံအလောက်ရှိပါစေ။ အချို့သောနာမကျန်းသူများအနေဖြင့် မဲပေးချိန်ပိုမိုလိုအပ်မည်ဖြစ်ပြီး မဲမပေးမီတွင် ရှင်းလင်းပြောကြားရန်။
- မဲဆန္ဒရှင်က မည်သည့်ကိုယ်စားလှယ်အား မဲပေးသင့်ကြောင်း မိမိအားမေးမြန်းလာပါက ၎င်းတို့တွင်ကြိုက်နှစ်သက်ရာ မည်သည့်ကိုယ်စားလှယ်လောင်းကိုမဆို မဲပေးပိုင်ခွင့်ရှိကြောင်း နှင့် မိမိအနေဖြင့်အကြံပေးခွင့်မရှိကြောင်း ရှင်းပြရန်။
- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌသို့သွားရောက်မည့်အစီအစဉ်များကို သတင်းပို့ရန်။
- ရွေးကောက်ပွဲ လေ့လာသူများအနေဖြင့်လည်း မည်သည့်အိမ်အတွင်းကိုမဆို ဝင်ရောက်သည့်အခါ အရင်ဦးဆုံး ခွင့်ပြုချက်တောင်းစေပြီး မဲဆန္ဒရှင်များကို လေးစားစွာ ဆက်ဆံရန်။

**ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် ရှောင်ရန်များ**

- ခွင့်ပြုချက် မရဘဲ မည်သည့် အိမ်အတွင်းကိုမျှ ဝင်ရောက်ခြင်းမပြုရန်။
- ဘက်လိုက်ခြင်း မရှိစေရန် သတိထားဆောင်ရွက်ရန်။
- လျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေရန် သတိထားဆောင်ရွက်ရန်။

**မှတ်ချက်**

ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် Covid -19 ကူးစက်ရောဂါမှ ကာကွယ်ရန် တစ်ဦးနှင့်တစ်ဦးအကြား (၆) ပေ အကွာအဝေးထား၍ ဆောင်ရွက်ရမည်။

## ၄.၃။ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း

အကြောင်းတစ်စုံတစ်ရာကြောင့် မဲဆန္ဒနယ်ပြင်ပသို့ရောက်ရှိနေသော မဲဆန္ဒရှင်တစ်ဦးသည် ပုံစံ (၁၅)ဖြင့်လျှောက်ထားကာ ကြိုတင်မဲပေးနိုင်သည်။ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၁။ တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ (နည်း ၅၄၊ က)
၂။ မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများ (နည်း ၅၄၊ ခ)
၃။ မဲဆန္ဒနယ်ပြင်ပရောက်သင်တန်းသားများ (နည်း ၅၄၊ ဂ)
၄။ မဲဆန္ဒနယ်ပြင်ပရောက်အခြားမဲဆန္ဒရှင်များ (နည်း ၅၄၊ ဃ)
၅။ အချုပ်ခံနေရသူများ (နည်း ၅၄၊ င)
၆။ ဆေးရုံသို့တက်ရောက်နေရသောအတွင်းလူနာများ (နည်း ၅၄၊ စ)
၇။ အစိုးရ၏ခွင့်ပြုချက်ဖြင့်နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ (နည်း ၅၄၊ ဆ)

ရရှိလာသော ပုံစံ (၁၅) အရေအတွက်ပေါ်မူတည်ကာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များကို သက်ဆိုင်ရာဌာန၏ အကြီးအကဲ သို့မဟုတ် တပ်ရင်းအဖွဲ့များ၏ အကြီးအကဲများထံသို့ ပေးပို့မည်။

**မှတ်ချက်**

ပုံစံ(၁၅)နှင့် အခြားသော ပုံစံများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ရယူနိုင်သည်။ http://uec.gov.mm/

## ၄.၃.၁။ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း တိုက်ဆိုင်စစ်ဆေးရန်စာရင်း

| | | မြို့နယ် | ရပ်ကွက်/ကျေးရွာ | ကျောင်း/တပ်ရင်းအစရှိသဖြင့် |
|---|---|---|---|---|
| **ကြိုတင်မဲပေးသည့်ရွေးကောက်ပွဲကာလ မတိုင်မီ** | | | | |
| ၁။ | ရွေးကောက်ပွဲနေ့ ကြေညာပြီးနောက် သက်ဆိုင်ရာ ဌာနအကြီးအမှူးများသည် မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံမှ ပုံစံ (၁၅)များ တောင်းယူပြီး ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံရသူများနှင့် ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများ ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးနိုင် စေရန်အတွက် ဖြန့်ဖြူးပေးရမည်။ | | | ✔ |
| ၂။ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်း ရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ တောင်းယူရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၇ ပတ်ခန့်အလို) | ✔ | ✔ | |
| ၃။ | သက်ဆိုင်ရာတပ်မှူးသည် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးမည့် တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ အမည်စာရင်းကို မြို့နယ်ကော်မရှင်ခွဲထံသို့ ပေးပို့ရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၅ - ၆ ပတ်ခန့်အလို) | | | ✔ |
| ၄။ | ပြည့်စုံအောင်ဖြည့်စွက်ပြီးသော ပုံစံ (၁၅) များကို သက်ဆိုင်ရာ ဌာနအကြီးအမှူးများထံမှ ရယူရမည်။ | ✔ | | |

| | | | | |
|---|---|---|---|---|
| ၅။ | တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များ အမည်စာရင်း ပါဝင်သော မဲဆန္ဒရှင်စာရင်း( ပုံစံ ၁ - ၂) ကို ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင်ခွဲအဖွဲ့သို့ ပေးပို့ရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၅ ပတ်ခန့်အလို) | ✔ | | |
| ၆။ | မဲဆန္ဒရှင်စာရင်း ပုံစံ ၁ နှင့် ပုံစံ ၁ - ၂ မှ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးသူများ၏ အမည်များကို အမှတ်အသားပြုရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၄ - ၅ ပတ်ခန့်အလို) | | ✔ | |
| ၇။ | မဲဆန္ဒရှင်များက သက်ဆိုင်ရာဌာန အကြီးအမှူး များထံသို့ သတ်မှတ်ထားသော နောက်ဆုံးရက် မတိုင်မီ ပေးပို့လာသော ပုံစံ (၁၅)များ ကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲထံသို့ ဆက်လက်ပေးပို့ ရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၅ ပတ်ခန့် အလို) | | | ✔ |
| ၈။ | ဌာန အကြီးအမှူးများမှ ပေးပို့လာသော ပုံစံ (၁၅) များကိုလက်ခံယူရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၄ - ၅ ပတ်ခန့်အလို) | ✔ | | |
| ၉။ | လက်ခံထားသော ပုံစံ (၁၅) များကို ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံသို့ ပေးပို့ရ မည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၄ ပတ်ခန့် အလို) | ✔ | | |
| ၁၀။ | ပုံစံ (၁၅) များကို စိစစ်၍ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ စာရင်း ပုံစံ (၁ - ၁) ဖြင့်သီးခြားရေးမှတ် ထားရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၃ ပတ်ခန့်အလို) | | ✔ | |

| | | | | |
|---|---|---|---|---|
| ၁၁။ | ကြိုတင်မဲဆန္ဒရှင်စာရင်းများ ရေးမှတ်ထားသည့် [ပုံစံ ၁ - ၁၊ ၁ - ၂ နှင့် ၁ - ၃] မိတ္တူ (၁) စောင် စီကို ရပ်ကွက် / ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲတွင် ကပ်ထားပြီး၊ မိတ္တူ (၂) စောင်ကို မြို့နယ် ကော်မရှင်ခွဲအဖွဲ့သို့ ပေးပို့ရမည်။ | | ✔ | |
| ၁၂။ | မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပုံး သိမ်းဆည်းရန် လုံခြုံသော နေရာကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ သတ်မှတ်ရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၃ ပတ်ခန့်အလို) | ✔ | | |
| ၁၃။ | မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲလက်မှတ်များနှင့် ကြိုတင်မဲစာအိတ်များကို ပြင်ဆင်ရမည်။<br>**သတိပြုရန်အရေးကြီးသောအချက် –**<br>ကြိုတင်ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင် လည်းကောင်း၊ လက်ခံဖြတ်ပိုင်းပေါ်တွင် လည်းကောင်း မြို့နယ် ကော်မရှင်ခွဲတံဆိပ်တုံး၊ တာဝန်ခံထုတ်ပေးသူ ၏ အမည်နှင့် လက်မှတ် ပါရှိရမည်။<br>ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး လက်မှတ်ရေးထိုးထားမည်မဟုတ်ပါ။<br>(ရွေးကောက်ပွဲနေ့မတိုင်မီ ၂ ပတ်ခန့်အလို) | ✔ | | |
| ၁၄။ | ကြိုတင်ဆန္ဒမဲပေးမည့်သူ အရေအတွက်ရှိ သရွေ့မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲလက်မှတ်များ နှင့်စာအိတ်များကို ပေးပို့ပါ။<br>(ရွေးကောက်ပွဲနေ့မတိုင်မီ (၄) ပတ်ခန့်အလို)<br>ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များ သည် မှန်ကန်သည့် သက်ဆိုင်ရာ ဌာနများထံ ပေးပို့ပြီးသည်ကို အတည်ပြုပါ။<br>ကြိုတင်ဆန္ဒမဲစာအိတ်များပေါ်တွင် ကိုယ်စားလှယ်လောင်းအမည်၊ မဲဆန္ဒနယ်၊ ရပ်ကွက် / ကျေးရွာအုပ်စု အမည် နှင့် မဲရုံနံပါတ် ပါရှိရမည်။ | ✔ | | |


| ကြိုတင်မဲပေးသည့်ရွေးကောက်ပွဲကာလ အတွင်း | | | | |
|---|---|---|---|---|
| ၁၅။ | မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပါ။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၂ ပတ်ခန့်အလို) | | | ✔ |
| ၁၆။ | မဲဆန္ဒရှင်များကို ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သော စာအိတ်များ ပေးအပ်ရမည်။ | ✔ | | ✔ |
| ၁၇။ | မဲဆန္ဒရှင်များက မိမိတို့ ဆန္ဒပြုလိုသည့်အတိုင်း မဲလက်မှတ်ပေါ်တွင် ဘောပင်အသုံးပြု၍ အမှန်ခြစ်( ✔ )ဖြင့် ရေးသွင်းကာ ဆန္ဒပြုရမည်။ မဲလက်မှတ်များကို ခွဲခြားသိသာနိုင်စေရေး အမှတ်အသား မပြုစေရန် မဲဆန္ဒရှင်များကို သတိပေးပါ။ | | | ✔ |
| ၁၈။ | ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒ မဲလက်မှတ်များကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲစာအိတ်များ အတွင်းသို့ သေချာထည့်စေရမည်။ မဲဆန္ဒရှင်၏အမည်ကို ကြိုတင်ဆန္ဒမဲ စာအိတ်များပေါ်တွင် ရေးသားထားခြင်း မပြုစေရ။ **သတိပြုရန် – ကြိုတင်မဲပေးခြင်းအတွက် မင်တို့ရန် မလိုအပ်ပါ။** | | | ✔ |
| ၁၉။ | မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးပြီးပါက မဲဆန္ဒရှင်များ ဆန္ဒပြုထားသော မဲလက်မှတ်များပါဝင်သည့် ကြိုတင်မဲစာအိတ်များကို သက်ဆိုင်ရာ မဲဆန္ဒနယ် အသီးသီးအလိုက် အိတ်များ အတွင်းသို့ထည့်ကာ ချိပ်ပိတ်ရမည်။ | | | ✔ |
| ၂၀။ | အဆိုပါ ကြိုတင်ဆန္ဒမဲစာအိတ်များပါသည့် သက်ဆိုင်ရာ မဲဆန္ဒနယ် အသီးသီး အလိုက် ကြိုတင်ဆန္ဒမဲအိတ်များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ရမည်။ (ရွေးကောက်ပွဲနေ့မတိုင်မီ ၁ ပတ်ခန့်အလို) | | | ✔ |

| | | | | |
|---|---|---|---|---|
| ၂၁။ | လက်ခံရရှိထားသောကြိုတင်ဆန္ဒမဲ မဲလက်မှတ်များ ပါသည့် ကြိုတင်ဆန္ဒမဲ စာအိတ်များ ကို လုံခြုံရေးကြိုးဖြင့် လေးဘက်လေးတန် ချိပ်ပိတ်ထားသည့် မဲပုံးတွင် ထည့်ထားပါ။ (ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီအထိ လက်ခံနိုင်သည်။) | ✔ | | |
| ကြိုတင်မဲပေးသည့်ရွေးကောက်ပွဲကာလပြီးနောက် | | | | |
| ၂၂။ | ရွေးကောက်ပွဲနေ့ ညနေ (၄) နာရီတွင် ဆန္ဒပြု ထားသော မဲလက်မှတ်များပါဝင်သည့် မဲဆန္ဒနယ် ပြင်ပကြိုတင်မဲ စာအိတ်များ လက်ခံခြင်းကိုအဆုံးသတ်ပါ။ (ကြိုတင်ဆန္ဒမဲစာအိတ်များကို ရွေးကောက်ပွဲ နေ့ ညနေ (၄) နာရီနောက်ပိုင်းတွင် လက်ခံခြင်း မပြုရ။) | ✔ | | |
| ၂၃။ | ညနေ (၄) နာရီနောက်ပိုင်းတွင် မဲဆန္ဒနယ် ပြင်ပကြိုတင်ဆန္ဒမဲပုံးကို ကိုယ်စားလှယ်များ၊ မျက်မြင်သက်သေများနှင့် ရွေးကောက်ပွဲ လေ့လာ သူများ ရှေ့မှောက်တွင် ဖွင့်ဖောက်ပြီး ဆန္ဒမဲများ စတင်ရေတွက်ပါ။ | ✔ | | |

**မှတ်ချက်**

ကြိုတင်ဆန္ဒမဲလက်မှတ် တစ်ခုချင်းစီ၏ လက်ခံဖြတ်ပိုင်းပေါ်တွင်လည်းကောင်း ၊ကျောဘက်တွင်လည်းကောင်း၊သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတံဆိပ်နှင့် တာဝန်ရှိ ထုတ်ပေးသူ၏ အမည်၊ လက်မှတ်ပါဝင်ရမည်။

ရွေးကောက်ပွဲနေ့ ညနေ(၄) နောက်ပိုင်းမှရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ် များကို ထည့်သွင်းရေတွက်မည်မဟုတ်ပါ။


ကြိုတင်ဆန္ဒမဲပုံး

# ၅။ မြို့နယ်ရွေးကောက်ပွဲအဖွဲ့ခွဲ၌ မဲရေတွက်ခြင်းနှင့် ရလဒ်များကို ပြုစုခြင်း

## ၅.၁။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းကို အပြီးသတ်ခြင်း

| | ရွေးကောက်ပွဲနေ့ ညနေ (၄)နာရီမတိုင်မီ | စစ်ဆေးပြီး |
|---|---|---|
| ၁။ | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်မဲစာအိတ်များအားလုံးကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် နှင့်တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် မဲပုံးများအတွင်းသို့ ထည့်ပြီးကြောင်း စစ်ဆေး အတည်ပြုရမည်။ (ပုံစံ ၁၈ - ၁) | ✔ |
| | **ရွေးကောက်ပွဲနေ့ ညနေ (၄)နာရီ** | **စစ်ဆေးပြီး** |
| ၂။ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌသည် ရောက်ရှိနေသူများအားလုံးကို ကြိုတင်မဲပေးခြင်းပြီးဆုံးပြီဖြစ်ကြောင်း ကြေညာရမည်။ | |
| ၃။ | ဥက္ကဋ္ဌသည် အတွင်းရေးမှူးအား ရရှိသည့် ကြိုတင်မဲစာအိတ် အရေအတွက်ကို တာလီချိုး၍ ရေတွက်ပြီး ပုံစံ (၁၈) နှင့် (၁၈ - က) တို့တွင် ရရှိလာသော အရေအတွက်များကို ဖြည့်မည်။ | ✔ |

**မှတ်ချက်**

ကြိုတင်မဲပေးခြင်းနှင့် မဲရေတွက်ခြင်းကို ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲလေ့လာသူများ လာရောက်လေ့လာနိုင်သည်။

## ၅.၂။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းတို့ကို ရေတွက်ခြင်း

ညနေ (၄) နာရီနောက်ပိုင်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်မဲပုံးများကို ဖွင့်ဖောက်ကာ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်ရန် ပြင်ဆင်မည်။ အဆိုပါ မဲပုံးများတွင် နိုင်ငံပြင်ပမှ မဲပေးခြင်းနှင့် မဲဆန္ဒနယ်ပြင်ပမဲပေးခြင်း ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သည်။

### ၅.၂.၁။ တိုက်ဆိုင်စစ်ဆေးရန်စာရင်း– ပြည်သူ့၊ အမျိုးသား နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း

| စဉ် | လုပ်ဆောင်ချက် | စစ်ဆေးပြီး |
|---|---|---|
| ၁။ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အသိအမှတ်ပြုထားသော ပြည်တွင်း နှင့်ပြည်ပစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ် များအား မဲရေတွက်ခြင်း လုပ်ငန်းစဉ်ကို ကြည့်ရှုရန် ခွင့်ပြုမည်။ | ✔ |
| ၂။ | မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် ရုံးခန်းအတွင်း၌ မဲရေတွက်ရန် သင့်လျော်သော အခင်းအကျင်းကို ပြင်ဆင်မည်။ | ✔ |
| ၃။ | မဲအရေအတွက်ကို မှတ်သားရန် မဲရေတွက်ရာစားပွဲအနီးတွင် ဘုတ်တစ်ခုကို ထားရှိရမည်။ | ✔ |
| ၄။ | မြို့နယ်ကော်မရှင်အရာရှိမှ ကြိုတင်မဲလက်မှတ်ရေးထိုးထားပြီး မသုံးဖြစ်သော မဲလက်မှတ်များကို ထိပ်ထောင့်မှ အောက်ထောင့်သို့ ကန့်လန့်ဖြတ်ခြစ်ကာ ပယ်ဖျက်ရမည်။ | ✔ |
| ၅။ | မဲရေတွက်ခြင်းလုပ်ငန်းကို မျက်မြင်သက်သေအဖြစ် အနည်းဆုံး မဲဆန္ဒရှင် (၄)ဦးနှင့်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၆)ဦးကို ခန့်အပ် တာဝန်ပေးထားရမည်။ | ✔ |
| ၆။ | အောက်ပါအစီအစဉ်အတိုင်း ဆန္ဒမဲများကိုစတင်ရေတွက်မည်။ – ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်း/ပြည်နယ် လွှတ်တော် (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် အကျုံးဝင်ပါက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်လွှတ်တော်အပါအဝင်) | ✔ |
| ၇။ | တာလီဘုတ်ပေါ်တွင် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီအတွက် သီးသန့် တာလီစာရွက်တစ်ရွက်နှင့် ပယ်မဲများအတွက် သီးသန့် တာလီ စာရွက်တစ်ရွက် ချိတ်ဆွဲထားမည်။ | ✔ |

| | | |
|---|---|---|
| ၈။ | ကြိုတင်ဆန္ဒမဲလက်မှတ်များကို စတင်ရေတွက်မည်။ ရေတွက်ပြီးသား ဆန္ဒမဲလက်မှတ်များထည့်ရန်အတွက် ခြင်းတောင်းများကို ပြင်ဆင်ထား မည်။ | ✔ |
| ၉။ | မဲပုံးများကို လုံခြုံရေးကြိုးဖြင့်လေးဘက်လေးတန် ချိပ်ပိတ်ထားခြင်း ရှိမရှိကိုစစ်ဆေးပြီး **နောက်ဆက်တွဲ(၁)** တွင် လုံခြုံရေးကြိုး နံပါတ်စဉ်များကို မှတ်တမ်းတင်မည်။ | ✔ |
| ၁၀။ | မဲပုံးများကို မျက်မြင်သက်သေများနှင့် ရွေးကောက်ပွဲ လေ့လာသူများ ရှေ့တွင်ဖွင့်ဖောက်မည်။ | ✔ |
| ၁၁။ | ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် စာအိတ်များကို ဖွင့်ကာ မဲလက်မှတ်များကိုထုတ်ယူပြီး ခိုင်လုံမဲ သို့မဟုတ် ပယ်မဲဖြစ်ကြောင်း နှင့် အမှတ်စဉ်နှင့် နောက်ကျောတွင်လက်မှတ်ထိုးထားခြင်း ရှိမရှိ တို့ကို ခွဲခြားသတ်မှတ်မည်။<br>ပယ်မဲဆိုင်ရာ အချက်အလက်များကို ပုံစံ (၁၇ - က) နှင့် ပုံစံ (၁၇ - ခ) တွင် ထည့်သွင်း မှတ်တမ်းတင်မည်။<br>ခိုင်လုံမဲနှင့် ပယ်မဲ အရေအတွက်ကို ပုံစံ (၁၈)နှင့် ပုံစံ (၁၈ - က)တွင် ဖြည့်စွက်မည်။<br>**မှတ်ချက်။ ခိုင်လုံနှင့်ပယ်မဲကြိုတင်မဲလက်မှတ်များ နမူနာပုံစံများကို အခန်း ၅.၂.၃ တွင် လေ့လာပါ။** | ✔ |
| ၁၂။ | ကော်မရှင်ခွဲအဖွဲ့ဝင်တစ်ဦးသည် ခိုင်လုံမဲတစ်ခုစီကို စစ်ဆေးကာ မဲဆန္ဒရှင်မှ မည်သည့်ကိုယ်စားလှယ်လောင်းကို မဲပေးသည်ကို ကြေညာပြီး မျက်မြင် သက်သေများအတွက် မဲလက်မှတ်ကို ခဏပြသ၍ သက်ဆိုင်ရာ ခြင်းတောင်းထဲသို့ ထည့်ရမည်။ | ✔ |
| ၁၃။ | ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ခိုင်လုံမဲအရေအတွက်ကို ရေတွက်ကာ(၁၀)စောင် တစ်အုပ်စီ ပူးတွဲချုပ်ထားရမည်။ | ✔ |
| ၁၄။ | တာလီချိုးသော စာရွက်တွင် ခိုင်လုံမဲအရေအတွက်ကို ဖြည့်မည်။ ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် သီးခြားတာလီချိုး စာရွက်များ ထားရှိမည်။ (ပုံစံများကို လိုအပ်သလိုဖြည့်စွက်ရန် သတိပြုပါ။) | ✔ |
| ၁၅။ | ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ခိုင်လုံမဲအရေအတွက်ကို ပုံစံ (၁၈)နှင့် ပုံစံ (၁၈ - က)တွင်ကိန်းဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖြည့်စွက်မည်။ | ✔ |


| | | |
|---|---|---|
| ၁၆။ | ပုံစံ (၁၈)နှင့် ပုံစံ (၁၈-က) တွင် ကြိုတင်ဆန္ဒမဲအရေအတွက် အားလုံး ဖြည့်ပြီးသောအခါ ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် အနည်းဆုံး သက်သေ(၄) ဦးက ပုံစံပေါ်တွင် လက်မှတ်ရေးထိုးရမည်။ | ✔ |
| ၁၇။ | အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်)လွှတ်တော်ရွေးကောက်ပွဲများ အတွက် အထက်ဖော်ပြပါ အဆင့်များအတိုင်း ဆက်လက် ဆောင်ရွက်မည်။ | ✔ |

**အရေးကြီးသောအချက်**

မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒရှင်၏ အမည်၊ ရပ်ကွက်/ကျေးရွာ အုပ်စု၊ မြို့နယ်နှင့် လက်မှတ် ပါရှိသော စာအိတ်အတွင်းမှ ကြိုတင်မဲလက်မှတ်များကိုသာ ရေတွက်မည်။

## ၅.၂.၂။ တိုက်ဆိုင်စစ်ဆေးရန်စာရင်း – တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ကြိုတင်ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း

| စဉ် | လုပ်ဆောင်ချက် | အမှန်ခြစ်ပါ။ |
|---|---|---|
| ၁။ | ဆန္ဒမဲလက်မှတ်များ မရေတွက်မီ ၎င်းတို့ကို တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်လောင်းများ အလိုက် ခြင်းတောင်း အသီးသီးထဲသို့ ခွဲထည့်ရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်များကို ခိုင်လုံနှင့်ပယ်မဲ အဖြစ် ရွေးထုတ်ပါ။ | ✔ |
| ၂။ | တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ကို သီးသန့်ရေတွက်ရမည်ဖြစ်ပြီး၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ပြီးက (ပုံစံ ၁၈ – က) တွင်မှတ်တမ်းတင်ရမည်။ | ✔ |
| ၃။ | တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ပယ်မဲ ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ပုံစံ (၁၇ – ဂ) တွင် မှတ်တမ်းတင် ရမည်။ | ✔ |



## ၅.၂.၃။ မဲဆန္ဒနယ် ပြင်ပ ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ချက်များနှင့် နမူနာပုံစံများ

ဆန္ဒမဲလက်မှတ်များ ခိုင်လုံမှု ရှိ/မရှိကို မဲဆန္ဒရှင်မှ ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ မဲပေးကြောင်း ထင်ရှားစွာပေါ်လွင်ခြင်း ရှိ/မရှိဖြင့် ဆုံးဖြတ်အတည်ပြုနိုင်ပါသည်။ ဥပမာအားဖြင့်၊ သတ်မှတ်ထားသည့်အမှန်ခြစ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက်သာ ရိုက်နှိပ်ထားသော ဆန္ဒမဲလက်မှတ်များ၊ သတ်မှတ်ထားသည့် အမှန်ခြစ်ရန် နေရာတွင်အမှန်ခြစ် ခြစ်ထားခြင်းမဟုတ်သော်လည်း သက်ဆိုင်ရာကိုယ်စားလှယ်လောင်း၏အမည်နေရာ (သို့မဟုတ်) ပါတီတံဆိပ် နေရာတစ်ခုခုတို့တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်သာ အမှန်ခြစ်ထားသော ဆန္ဒမဲလက်မှတ်များနှင့် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ အမည်နှင့်လက်မှတ်၊သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံးသည်ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင်ပါဝင်သော ဆန္ဒမဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် သတ်မှတ်သည်။

မဲဆန္ဒနယ်ပြင်ပကြိုတင်ဆန္ဒမဲပေးခြင်း ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏လက်မှတ်မပါဝင်ပါ။ မဲရုံမှူးလက်မှတ်ထိုးရမည့်နေရာသည် ကွက်လပ်အလွတ်ဖြစ်သည်။ သို့သော် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ အမည်နှင့်လက်မှတ်၊ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံးသည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင်ပါဝင်ရမည်။

### မဲဆန္ဒနယ်ပြင်ပနှင့် နိုင်ငံပြင်ပရောက် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများ ဆိုသည်မှာ-

(ဘောလ်ပင်ဖြင့် အမှတ်အသား " ✔ " ခြစ်ပေးခြင်း)

- ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏အမည်နှင့် လက်မှတ်သည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင် ပါဝင်သောဆန္ဒမဲလက်မှတ်များ
- သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံးသည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်တွင် ပါဝင်သည့် ဆန္ဒမဲ လက်မှတ်များ
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက်သာ ရိုက်နှိပ်ထား သော ဆန္ဒမဲလက်မှတ်များ။
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက်သာ အမှန်ခြစ်ဆန္ဒပြုထားပြီး အမှန်အမှတ်အသားသည်အတည့်၊ ဘေးတိုက်၊ ပြောင်းပြန်ဖြစ်နေသော ဆန္ဒမဲလက်မှတ်များ။ (ဥပမာ - ဆန္ဒမဲလက်မှတ်ပုံစံနမူနာ ၁၀ ကိုကြည့် ပါ။)
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန်နေရာတွင် အမှန်ခြစ် ခြစ်ထားခြင်းမဟုတ်ဘဲ သက်ဆိုင်ရာကိုယ်စားလှယ်လောင်း၏အမည်နေရာ (သို့မဟုတ်) ပါတီတံဆိပ်နေရာ


တစ်ခုခုတို့တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက်သာ အမှန်ခြစ်ထား သော ဆန္ဒမဲလက်မှတ် များ။

- လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်သာ အမှန်ခြစ်ထားသော်လည်း သတ်မှတ်နေရာတွင် အနည်းငယ်သာဝင်ပြီး အမှန်ခြစ်သည် အပြင်ဘက်ထွက်နေ သောဆန္ဒမဲ လက်မှတ်များ။ (ဥပမာ - ဆန္ဒမဲလက်မှတ်ပုံစံနမူနာ ၆ ကိုကြည့်ပါ။)
- ကိုယ်စားလှယ်လောင်းတစ်ဦးတည်းနှင့်သာ သက်ဆိုင်သော အကွက်သုံးကွက်တွင် တစ်ကြိမ်နှင့်အထက် အမှန်ခြစ်ဆန္ဒပြုထားပြီး ထိုသို့ဆန္ဒပြုထားခြင်းသည် ယင်းကိုယ်စားလှယ်လောင်းကိုသာ မဲပေးကြောင်း ထင်ရှားစွာပေါ်လွင်သည့် မဲလက်မှတ်များ။ (ဥပမာ - ဆန္ဒမဲလက်မှတ် ပုံစံနမူနာ ၉ နှင့် ၁၂ ကိုကြည့်ပါ။)

**မှတ်ချက်**

မဲလက်မှတ်များ ပုံနှိပ်ထုတ်ဝေချိန်တွင် ပါရှိလာသော အစက်အပြောက်များ၊ အစွန်း အထင်း အနည်းငယ် တို့ကိုခြွင်းချက်အဖြစ် လက်ခံကာ ခိုင်လုံမဲအဖြစ် သတ်မှတ်ပေး ရမည်။

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများ



**မှတ်ချက်** အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

## မဲဆန္ဒနယ် ပြင်ပရောက် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ


(ဘောလ်ပင်ဖြင့် အမှတ်အသား “ ✔ ” ခြစ်ပေးခြင်း)

- သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံးသည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်တွင် မပါဝင် သည့် ဆန္ဒမဲလက်မှတ်များ
- ဆန္ဒမဲလက်မှတ် ထုတ်ပေးသူ၏အမည်နှင့်လက်မှတ်သည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင် မပါဝင်သောဆန္ဒမဲလက်မှတ်များ
- ကော်မရှင်မှ သတ်မှတ်ထားသည့် အမှတ်အသား မပါရှိသည့် လက်မှတ်များ ( ဥပမာ။ ပုံနှိပ်ဒီဇိုင်း၊ လိုဂို နှင့် ရေစာ။)
- သတ်မှတ်ထားသည့်အမှန်ခြစ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦး ကို အမှန်ခြစ်ထားသည့် ဆန္ဒမဲလက်မှတ်များ။(ဥပမာ - နမူနာပုံစံ နံပါတ် ၉)
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန်နေရာ၊ ကိုယ်စားလှယ်လောင်းအမည်နှင့် ပါတီတံဆိပ်နေရာ တစ်ခုခုတွင် တံဆိပ်ရိုက်နှိပ်ထားခြင်းမရှိဘဲ အပြင်ဘက်တွင် အမှန်ခြစ် ခြစ်ထားသည့် ဆန္ဒမဲလက်မှတ်များ။
- စုတ်ပြဲနေသည့် ဆန္ဒမဲလက်မှတ်များ။
- မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ်များ။
- ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်များ။
- အမှတ်အသားပြုထားသော ဆန္ဒမဲလက်မှတ်များ။ (ဥပမာ - နမူနာပုံစံ နံပါတ် ၄)
- အမှန်ခြစ် တစ်ကြိမ်နှင့်အထက် ဆန္ဒပြုထားပြီး အမှန်ခြစ်များသည် ကိုယ်စားလှယ် လောင်းနှစ်ဦးကို မဲပေးထားသကဲ့သို့ ဖြစ်နေသည့် မဲလက်မှတ်များ။
- ကော်မရှင်မှ ပယ်မဲများ အဖြစ် ကြေညာထားသော ပယ်မဲ ဆန္ဒမဲများ။

**မှတ်ချက်**

မဲလက်မှတ်များ ပုံနှိပ်ထုတ်ဝေချိန်တွင်ပါရှိလာသော အစက်အပြောက်များ၊ အစွန်းအထင်း အနည်းငယ် တို့ကို ပယ်မဲဟု မသတ်မှတ်ပါ။

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲ နမူနာပုံစံများ




**မှတ်ချက်** အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၄င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

## ၅.၃။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ အထိခိုက်မခံနိုင်သော ပစ္စည်းများနှင့် ရလဒ်ပုံစံများကို လက်ခံရရှိခြင်း

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံမှူးများထံမှ ဆန္ဒမဲရလဒ်ပုံစံ (၁၆)နှင့် ပုံစံ (၁၆-က)တစ်စုံကိုအထိခိုက်မခံနိုင်သောမဲရုံပစ္စည်းများပါသည့်လုံခြုံရေးအိတ်များနှင့်တကွ လက်ခံရရှိမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသည့် စုစုပေါင်းဆန္ဒမဲ အရေအတွက်ကို ရရှိရန် သက်ဆိုင်ရာ မဲရုံအသီးသီးမှ ပေးပို့လိုက်သော ပုံစံ (၁၆)နှင့် ပုံစံ (၁၆-က) မိတ္တူများနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲရလဒ်ပုံစံ(၁၈)နှင့် ပုံစံ (၁၈-က)တို့ကို ပေါင်းစည်း တွက်ချက်မည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ခံရယူမည့်အဖွဲ့သည် အထက်ဖော်ပြပါပုံစံတို့ကို လက်ခံရရှိပြီးလျှင် ပုံစံများမှန်ကန်မှု ရှိ၊မရှိကို စစ်ဆေးရမည်။



## ၅.၃.၁။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပုံစံ(၁၆)၊ ပုံစံ(၁၆–က)၊ နှင့် ပုံစံ(၁၈)၊ ပုံစံ(၁၈–က)တို့ကို လက်ခံရရှိရာတွင် တိုက်ဆိုင်စစ်ဆေးရမည့်အချက်များ

| | တိုက်ဆိုင်စစ်ဆေးရန်စာရင်း | စစ်ဆေးပြီးကြောင်း အမှန်ခြစ်ပါ။ |
|---|---|---|
| ၁။ | ရွေးကောက်ပွဲနေ့တွင် ရလဒ်ပုံစံများနှင့် အထိခိုက်မခံနိုင်သော ပစ္စည်းများကို လက်ခံရရှိရန် မြို့နယ်၌ ခန်းမတစ်ခုကို ပြင်ဆင်ထားရမည်။ ခန်းမသည် လုပ်ငန်းများအားလုံးကိုပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များ ဝင်ရောက်လေ့လာနိုင်ရန် လုံလောက်သော အကျယ်အဝန်းရှိရမည်။ | ✔ |
| ၂။ | အထိခိုက်မခံနိုင်သောပစ္စည်းများကို သော့ခတ်သိမ်းထားနိုင်ရန် လုံခြုံစိတ်ချရသော အခန်းကို ပစ္စည်းလက်ခံရာ ခန်းမအတွင်း ပြင်ဆင်ထားရမည်။ | ✔ |
| ၃။ | ရလဒ်ပုံစံများပါသော စာအိတ်ကိုဖွင့်ကာ အောက်ပါတို့ကို အတည်ပြုရမည်။<br>▪ ပုံစံများအားလုံးပါရှိကြောင်း<br>▪ မဲရုံအမည်မှန်ကန်ကြောင်း<br>▪ လွှတ်တော်မဲဆန္ဒနယ်အမည်မှန်ကန်ကြောင်း<br>▪ မြို့နယ်မှန်ကန်ကြောင်း<br>▪ တိုင်းဒေသကြီး/ ပြည်နယ်မှန်ကန်ကြောင်း<br>▪ ရပ်ကွက်/ကျေးရွာအုပ်စုမှန်ကန်ကြောင်း<br>▪ ကိန်းဂဏန်းများအားလုံးကို ရှင်းလင်းစွာရေးသားထားကြောင်း<br>▪ ပုံစံပါဖြည့်ရမည့်အကွက်တိုင်းကို ဖြည့်ထားကြောင်း<br>▪ ပုံစံပါကိုယ်စားလှယ်လောင်းများ၏ အမည်များသည် အဆိုပါ ရွေးကောက်ပွဲ/မဲဆန္ဒနယ်၏ ကိုယ်စားလှယ်လောင်းများ၏ အမည်များနှင့် ကိုက်ညီမှုရှိကြောင်း<br>▪ ပုံစံများတွင်လက်မှတ်များအားလုံးပါဝင်ကြောင်း | ✔ |
| ၄။ | ပုံစံ (၁၆)နှင့် (၁၆ – က)တို့ကို သက်ဆိုင်ရာမဲရုံမှူးများနှင့် သက်သေများမှ လက်မှတ်ရေးထိုးထားကြောင်း သေချာစေရမည်။ | ✔ |

| | | |
|---|---|---|
| ၅။ | ပုံစံ (၁၆) နှင့် (၁၆-က) တွင် ကိုယ်စားလှယ်လောင်းများ၏ အမည်များအားလုံးကို စာလုံးပေါင်းသတ်ပုံ မှန်ကန်ကြောင်း သေချာစေရမည်။ | ✔ |
| ၆။ | ပုံစံ (၁၆) နှင့် (၁၆-က) ပါဖြည့်ရန် နေရာတိုင်းတွင် မှန်ကန်စွာ ဖြည့်ထားခြင်း ရှိ/မရှိ စစ်ဆေးရမည်။ | ✔ |
| ၇။ | ပုံစံ (၁၆) နှင့် (၁၆-က) တွင် စုစုပေါင်းအရေအတွက်ကို မှန်ကန်စွာ တွက်ချက်ထားခြင်း ရှိ/မရှိကို ပြန်လည်တွက်ချက်ကာ ကိုက်ညီစစ်ဆေးရမည်။ ဂဏန်းသင်္ချာတွက်ချက်မှုများ မှားယွင်း မှု ရှိ/မရှိ စစ်ဆေးရမည်။ | ✔ |
| ၈။ | ပုံစံ (၁၆) နှင့် (၁၆-က) တွင် မှားယွင်းမှုရှိပါက မဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မပေးပို့မီ ဖြေရှင်းဆောင်ရွက်ရမည်။ ရွေးကောက်ပွဲ လေ့လာသူများလည်း ပါဝင်ဆောင်ရွက်နိုင်သည်။ | ✔ |
| ၉။ | ပုံစံ (၁၈) နှင့် ပုံစံ (၁၈-က)တွင် အသိသက်သေများ၏ လက်မှတ်ပါရှိရမည်။ | ✔ |
| ၁၀။ | ပုံစံ (၁၈) နှင့် ပုံစံ (၁၈-က) တွင် ကိုယ်စားလှယ်လောင်းများ၏ အမည်အားလုံးကို မှန်ကန်စွာရေးသားထားရမည်။ | ✔ |
| ၁၁။ | ပုံစံ (၁၈) နှင့် ပုံစံ(၁၈-က) ပါဖြည့်ရန် နေရာတိုင်းတွင် မှန်ကန်စွာ ဖြည့်ထားခြင်းရှိမရှိ စစ်ဆေးရမည်။ | ✔ |
| ၁၂။ | ပုံစံ (၁၈) နှင့် ပုံစံ(၁၈-က) တွင် စုစုပေါင်းအရေအတွက်ကို မှန်ကန်စွာ တွက်ချက်ထားခြင်း ရှိ/မရှိကိုပြန်လည်တွက်ချက်ကာ ကိုက်ညီစစ်ဆေးရမည်။ ဂဏန်းသင်္ချာတွက်ချက်မှုများ မှားယွင်းမှု ရှိမရှိ စစ်ဆေးရမည်။ | ✔ |
| ၁၃။ | အမည်များနှင့် အရေအတွက်ကိန်းဂဏန်းများ မှန်ကန်စွာ ဖြည့်ထားခြင်း ရှိ/မရှိကိုစစ်ဆေးရမည်။<br>■ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (    )<br>■ မြို့နယ် (အမည်) | ✔ |

| | | |
|---|---|---|
| ၁၄။ | သက်ဆိုင်ရာမဲရုံမှ ပေးပို့လာသော ရလဒ်ပုံစံများအားလုံးကို စစ်ဆေးပြီးနောက် မဲရုံမှူးသည် ထွက်ခွာနိုင်မည်။ | ✔ |
| ၁၅။ | သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှ ပေးပို့လာသော ရလဒ်ပုံစံများအားလုံးကို စစ်ဆေးပြီးပါက ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ပြန်နိုင်ပါသည်။ | ✔ |

## ၅.၃.၂။ ဤစာရင်းသည် ရွေးကောက်ပွဲနေ့ ပြီးနောက် မဲရုံမှူးမှ သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည် လွှဲပြောင်းပေးအပ်ရမည့် မဲရုံပစ္စည်းများစာရင်း ဖြစ်သည်။

| ရလဒ်ပုံစံများ | (၁၆၊ ၁၆ - က) |
|---|---|
| ချိပ်ပိတ်ထားသော လုံခြုံရေးအိတ်အကြီး (ပြည်သူ့၊ အမျိုးသား) | မဲလက်မှတ်များ (အသုံးပြုပြီး၊ အသုံးမပြုရသေးနှင့် ပျက်စီးသွားသော ဆန္ဒမဲလက်မှတ်များ)<br>ဖြည့်စွက်ပြီး ပုံစံများ၊<br>ကြိုတင်မဲ လက်ခံရရှိကြောင်း ပုံစံ (၁၁၊ ၁၂၊ ၁၃၊၁၄၊ ၁၇၊ ၁၇ - က)<br>နောက်ဆက်တွဲများ (ခ၊ ဂ၊ ဃ)<br>မဲဆန္ဒရှင်စာရင်းများ ပုံစံ (၁၊ ၁ - က) |
| ချိပ်ပိတ်ထားသော လုံခြုံရေးအိတ်အကြီး (တိုင်းရင်းသားလူမျိုး) | မဲလက်မှတ်များ (အသုံးပြုပြီး၊ အသုံးမပြုရသေးနှင့် ပျက်စီးသွားသော ဆန္ဒမဲလက်မှတ်များ)<br>ဖြည့်စွက်ပြီး ပုံစံများ၊<br>ကြိုတင်မဲလက်ခံရရှိကြောင်း ပုံစံ (၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၇၊ ၁၇ - က)<br>နောက်ဆက်တွဲများ (ခ၊ ဂ၊ ဃ)<br>မဲဆန္ဒရှင်စာရင်းများ ပုံစံ (၁၊ ၁ - က) |
| အသုံးမပြုရသေးသော မဲရုံသုံးပစ္စည်းများ | တံဆိပ်တုံးများ၊ အသုံးမပြုရသေး သော ဖျက်မရသည့်မင်ဘူးများ၊ အသုံးမပြုရ သေးသော မဲပုံးလုံခြုံရေး ကြိုးများ |

**မှတ်စု။** ပုံစံ (၁၁)၊ ပုံစံ(၁၃) နှင့် ပုံစံ(၁၄)တို့ကို ကြိုတင်ဆန္ဒမဲစာအိတ်အတွင်းသို့ ထည့်၍ ချိပ်ပိတ်ခြင်း မပြုလုပ်သော်လည်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

## ၅.၄။ ရလဒ်များအား ပေါင်းစည်းတွက်ချက်ခြင်း–ပုံစံ (၁၉)၊ ပုံစံ(၁၉–က)များကို ပြုစုခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးအတွက် မဲရုံများမှ ပေးပို့သည့် ဆန္ဒမဲစာရင်း ပုံစံ (၁၆)၊ ပုံစံ(၁၆ – က) နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှရေတွက်ရရှိသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်များအရ ဆန္ဒမဲစာရင်း ပုံစံ (၁၈)၊ ပုံစံ(၁၈ – က)တို့ကို ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အစီအစဉ်အတိုင်း ပုံစံ (၁၉)၊ ပုံစံ (၁၉ – က) [ပုံစံ (၁၉ – ခ) အကျုံးဝင်ပါက] တို့ဖြင့် အများပြည်သူ ရှေ့မှောက်တွင် စာရင်းပြုစုမည်။

ယင်းပုံစံ (၁၉)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။။

ရလဒ်ပုံစံများကို မှန်ကန်ကြောင်း စစ်ဆေးပြီးနောက်

- ရလဒ်များကို ပေါင်းစည်းတွက်ချက်ရာတွင်အသုံးပြုရန် မိတ္တူ (၁)စုံ
- ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရန် ပေါင်းစည်းတွက်ချက်ထားသည့် ရလဒ်ပုံစံ (၁၉) မိတ္တူ (၁)စုံ
- ရုံးမှတ်တမ်းအဖြစ်မိတ္တူ (၁)စုံ တို့ကို ပြင်ဆင်ထားရမည်။


ပုံစံ (၁၉)နှင့် ပုံစံ(၁၉ – က) မိတ္တူတစ်စုံကို သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ရမည်။ မိတ္တူ (၁)စုံကို ရုံးမှတ်တမ်းအဖြစ် သိမ်းဆည်းကာ နောက်ထပ်မိတ္တူ (၁)စုံကို အများပြည်သူကြည့်ရှုနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားရမည်။

**အရေးကြီးသောအချက်**

ရွေးကောက်ပွဲလေ့လာသူများ၊ ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များသည်ရလဒ်များပေါင်းစည်းတွက်ချက်ခြင်းလုပ်ငန်းစဉ်ကို လေ့လာကြည့်ရှုနိုင်၊ ရေးမှတ်ထားနိုင်သည်။ရလဒ်ပုံစံများကိုလည်း ဓာတ်ပုံရိုက်ယူထားနိုင်သည်။ သို့သော် ရလဒ်များပေါင်းစည်းတွက်ချက်သည့် အခန်းတွင် ဖုန်းအသုံးပြုခြင်း၊ လုပ်ငန်းစဉ် ကို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ဖြစ်စေရန် ပြုမူဆောင်ရွက်ခြင်းတို့ကိုမူ ခွင့်ပြုမည် မဟုတ်ပေ။

## ၅.၅။ ရလဒ်များအား ကြေညာခြင်း

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲနေ့ရလဒ်များကို ကြေညာမည်မဟုတ်ပါ။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ပေးပို့ပြီးသော ရလဒ်ပုံစံများအားလုံးကို သက်ဆိုင်ရာခရိုင် (သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ် အဆင့်တွင် စုစည်းပြီးလိုအပ်သော တွက်ချက်စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အတည်ပြုကာ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများက ကြေညာမည်။



## နောက်ဆက်တွဲ (၁)-လုံခြုံရေးကြိုးများကို နံပါတ်စဉ်ဖြင့် မှတ်သားရန်

| မြို့နယ် | | | | | | |
|---|---|---|---|---|---|---|
| ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ | | | | | | |
| *ကြိုတင်ဆန္ဒမဲပုံးများရှိသလောက်ကို လုံခြုံရေးကြိုးနံပါတ်စဉ်များ မှတ်တမ်းတင် ထားရန်ဖြစ်သည်။ (ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထက်မဲပုံးအရေအတွက်ပိုရှိသည်။)* | | | | | | |
| မဲပုံးဖွင့်ခြင်း | မဲဆန္ဒနယ်အတွင်း/ပြင်ပ ကြိုတင်မဲ? | လုံခြုံရေးကြိုး(၁) | လုံခြုံရေးကြိုး(၂) | လုံခြုံရေးကြိုး(၃) | လုံခြုံရေးကြိုး(၄) | *လုံခြုံရေးကြိုးများ ချိပ်ပိတ်ထားခြင်းရှိမရှိကိုစစ်ဆေးရန်* |
| ဆန္ဒမဲပုံး နံပါတ်. .......................... | | | | | | |
| ဆန္ဒမဲပုံး နံပါတ်. .......................... | | | | | | |
| ဆန္ဒမဲပုံး နံပါတ်. .......................... | | | | | | |
| | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ဆန္ဒမဲပုံး နံပါတ်. ........................ | | | | | | |
| ဆန္ဒမဲပုံး နံပါတ်. ........................ | | | | | | |
| ဆန္ဒမဲပုံး နံပါတ်. ........................ | | | | | | |
| ဆန္ဒမဲပုံး နံပါတ်. ........................ | | | | | | |
| ဆန္ဒမဲပုံး နံပါတ်. ........................ | | | | | | |
| တာဝန်ရှိသူ (မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ) | အထက်ဖော်ပြပါ လုံခြုံရေးကြိုးများစာရင်းသည်မှန်ကန်ကြောင်းထောက်ခံအပ်ပါသည်။<br>လက်မှတ် .............................................. နေ့စွဲ ........................................ | | | | | |
| အသိသက်သေ | လက်မှတ် .............................................. နေ့စွဲ ... ........................................ | | | | | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်